
အချစ်ဆုံးလေး အပြုသိစေချင်
ပန်းချီမောင်မြင့် • ငွေ ၁၅.၄၀ •

# အချစ်ဆုံးလေးအမြဲသိစေချင်

## အခန်း (၁)

မိုးဦးလေဦးတွင် ညဥ့်ဦးယံက လိုင်းကြမ်းလေကြမ်း ဖြစ်ခဲ့ရသော ဧရာဝတီမြစ်ကြီးသည် ယခုတော့ ငြိမ့်ငြိမ့်သာသာကလေး စီးဆင်း၍ နေ၏ ။

ညက ကိစ္စသူနှင့် ဘာမျှမဆိုင်သည်သို့ပင်....။

မြစ်ပြင်ကျယ်ကို ဖြတ်၍ ညင်းညင်းသွဲ့သွဲ့ကလေး တိုက်ခတ်လာသော လေပြည်လေညင်းသည် မြစ်ကမ်းပါးထိပ်ကြီးမားသော ကျောက်တုံးကြီး တစ်တုံးပေါ်တွင် ထိုင်နေသော နုနုငယ်ငယ် မိန်းကလေး၏ တစ်ကိုယ်လုံးကို တိုးဝှေ့ကျီစယ်နေ၏ ။

ဖွေးသန့်ဝင်းမွတ်နေသော မိန်းကလေး၏ နဖူးပေါ်မှ ဆံနုကလေးများ အငြိမ်မနေဘဲ တလှုပ်လှုပ် ဆော့ကစားနေ၏ ။

နဖူးပြင်ပေါ်က ဆံနုကလေးများ ကို လက်ဖြင့် မကြာမကြာ အထက်သို့ သပ်တင်ရင်း မိန်းကလေးသည် နေခြည်နုနုအောက်တွင် သင်းဖြူ တစ်ချပ်လို ဖြစ်နေသော မြစ်ပြင်ကြီးဆီသို့ မမိုတ်မသုန်သော မျက်လုံးရွဲကြီးများ ဖြင့် ကြည့်နေသည်။

သူ့စိတ်သည် သူ့ကိုယ်ကိုဥာကာ အဝေးသို့ လွင့်ပါးနေဟန်ရှိသည်။

ပို့မျစ်နနယ်၍ လုပချောမွတ်လွန်းလှသည့် သူ့မျက်နှာကလေးသည် ကြည်လင်ရွှင်ပျခြင်း အလျဉ်းမရှိဘဲ ကြေကွဲလွမ်းဆွေးသော အသွင်ကို ဆောင်နေ၏ ။

သူ့ဆီသို့ နောက်ကျောဘက်ဆီမှ အသံလုံလုံကလေးဖြင့် ကလေးနှစ် ယောက် တဖြည်းဖြည်း ချဉ်းကပ်နေ၏ ။

တစ်ဦးက မိန်းကလေး။

တစ်ဦးက ယောကျ်ားလေး။

ကလေးငယ် နှစ် ဦးစလုံး ရှစ်နှစ် ကိုးနှစ် ထက်အသက်ကြီးပုံမရ။

သူတို့နှစ် ဦးသည် တစ်ဦးကိုတစ်ဦး ပါးစပ်နား လက်ညှိုး ကလေးတွေ ထောင်ပြပြီး ထိုင်နေသော မိန်းကလေးအနီးသို့ ချဉ်းကပ် လာကြပြီး၊ အနီးသို့ ရောက်လျှင် တစ်ဦးက မိန်းကလေး၏ မျက်လုံးများ ကို နောက်ဘက်မှ လှမ်းပိတ်လိုက်သည်။

တစ်ဦးက မိန်းကလေး၏ ခါးကို တင်းကျပ်စွာ ဖက်လိုက်သည်။

“ အဟွန်း....”

မိန်းကလေးထံမှ ရယ်သံတစ်ချက် ထွက်သွားပြီး မိန်းကလေး၏ မျက်နှာသည် ရုတ်ခြည်း ကြည်လင်ရွှင်ပျသွားသည်။

မြူမှုန်ကင်းသည့် လပြည့်ဝန်းသို့ တည်း။

“ဘို....”

သူ့မျက်လုံးများ ကို ပိတ်ထားသူ၏ လက်ကို ကိုင်ပြီး မိန်းကလေးခေါ်လိုက်သည်။

“ပို....”

“ကျန် လက်တစ်ဘက်က သူ့ခါးကို ဖက်ထားသူ၏ လက်ကို ကိုင်လိုက်သည်။”

“ဟယ်...ကြည့်စမ်း၊ မမရင်နှစ် က ဘယ်လိုစမ်းစမ်း ဘိုနဲ့ပိုကို ခွဲခြားပြီး သိနေတာဘဲ ဘို”

ခါးဖက်ထားသော မိန်းကလေးက မျက်စိ ပိတ်ထားသော ယောကျ်ားကလေးကို ပြောလိုက်ခြင်း ဖြစ်သည်။

“အေး....ဟုတ်တယ် ပို၊ မမရင်နှစ် က သိပ်ဆန်းတာပဲ”

“မဆန်းပါဘူး ဘိုနဲ့ပိုရယ်၊မမရင်နှစ် ရဲ့ လက်ချောင်းလေးတွေ မှာ မျက်စိ ရှိနေတာပါ အဟင်း...ဟင်း....ဟင်း”

“ဒါနဲ့ ဘိုနဲ့ပို မမရင်နှစ် ဆီ လာတာ အဒေါ်လေးတို့ဦးတို့သိကြရဲ့ လား”

“သိပါတယ် မမရင်နှစ် ရဲ့ ၊ မေမေ ဈေးသွားတာကို ဘိုတို့နှစ် ယောက် လိုက်လာတာ၊ မမကို ဒီမှာ ၊ လှမ်းတွေ့တာနဲ့ မေမေက နင်တို့ မမရင်နှစ် ဟိုမှာ သွားစကားပြောလိုက်ပါလို့လွှတ်လိုက်တာ…”

“ဒေါ်လေး လွှတ်လိုက်တာဆိုရင် ပြီးတာပါပဲ”

“မမရင်နှစ် လမ်းလျှောက် ပြီးပြီလား ဟင်”

“မလျှောက်ရသေးပါဘူး ပိုရယ်၊ ဒီကိုရောက်တာမကြာသေးဘူးလေ”

“ဒါဆို လျှောက်ရအောင်လေ”

အမြွှာ မောင်နှမကလေး နှစ် ယောက် က ရင်နှစ် ဦး၏ လက်ကိုတစ်ဘက်တစ်ချက်ဆီ ကိုင်လိုက်ကြသည်။

ကြည်လင်ရွှင်ပျသော အသွင်ကလေးဖြင့် ရင်နှစ် ဦးထိုင်ရာမှ ထလိုက်သည်။

အမြွှာ မောင်နှမ ကလေးနှစ် ဦးသည် ရင်နှစ် ဦး၏ ခြေလှမ်းကို ဂရုတစိုက်ကြည့်ပြီး သူတို့၏ ခြေလှမ်းများ ကို စတင်၍ လှမ်းနေကြသည်။

♥ ♥ ♥

“ထူးထူးရယ် ရင်နှစ် ဦးကို ကြည့်လိုက်စမ်း၊ ရုပ်ရည်ရော၊ ကိုယ်လုံးကိုယ်ပေါက်ရော၊ ပြောစရာ မရှိအောင် လှတယ်နော်…”

“ဟုတ်တယ်အေးရယ်၊ သူ့ မျက်လုံးတွေ သာ ကန်းမနေရင် ဘယ်လောက် ကောင်းလိုက်မလဲလို့၊ သူ့ကို တွေ့ရတိုင်း ထူးထူးရင်ထဲမှာ သိပ်နာမိတယ်”

“ဟုတ်တယ်…ထူးထူးရယ်၊ သူ့ကိုအေးလဲ ဘယ်လိုသနားမိမှန်း မသိဘူး”

“ဘဝ ဝဋ်ကြွေးကလဲ ဆိုးဝါးလိုက်တာနော်”

လက်ဆွဲခြင်း ကိုယ်စီနှင့် ဈေးမှပြန်လာကြသော အမျိုး သမီး နှစ် ဦးက သူတို့နှင့် မလှမ်းမကမ်းတွင် ကလေးနှစ် ယောက် က တွဲ ၍ လမ်းလျှောက်နေသော ရင်နှစ် ဦးကို သနားဂရုဏာ သက်မဆုံး ကြည့်ကာ ပြောလိုက်ကြခြင်း ဖြစ်သည်။

"အေးသာ ဦးသာဦးဆိုရင်၊ ရင်နှစ် ဦးကို ရန်ကုန်ပို့ပြီး မျက်စိ ကုပေးမှာ ပဲ"

"ကုပေးမယ်ဆိုရင် ကုပေးနိုင်တာပဲ၊ သူတို့ ဒီလောက်မွဲနေတာမှ မဟုတ်တာဘဲ၊ ပြီးတော့...ဘွားဝါရဲ့ အိမ်ကြီးလဲရှိနေတာ၊ ရောင်းပြီး ကုလို့ရတာ မှ ဟိုဘက်ကမ်းတောင် လွှန်နေသေးတယ်"

မကျေမနပ်ရှိလှဟန်ဖြင့် ထူးထူးက ပြောလိုက်သည်။

"ဒီ မယကကြီးကို အေးတော့ စိတ်ရှိလက်ရှိသာ ထုနက်ပစ်လိုက်ချင်တယ် သိလား"

"အဟင်း...ဟင်း မလုပ်လိုက်ပါနဲ့ မရွှေအေးရဲ့ ၊ တော် ကြာ ဒေါ်ခင်သစ်ရဲ့ ပါမရွှေးတဲ့ လက်ဝါးကြီးစာ မိနေပါဦးမယ်"

"အဟင်း...ဟုတ်တယ်၊ ဒီ မိန်းမရိုင်းကြီးကို အော့နလုံးနာလွှန်းလို့၊ ရင်နှစ် ဦးကို သနားပေမယ့် ဝင်မပြောသာအောင် ဖြစ်နေရတာ ပေါ့"

♥♥♥

"မမရင်နှစ် "

"ဘာလဲ ပို..."

"ရွှေစွန်ညိုဘာကို လိုလို့ဝဲတယ်ဆိုတဲ့ သီချင်းကလေး ဆိုပါဦးလားဟင်"

"ဟုတ်တယ်၊ ဆိုပါဦး၊ မမရင်နှစ် အသံကလေးက သိပ်ကောင်းတာ...."

ဘိုကပါ ရင်နှစ် ဦး၏ လက်ကလေးကို လှုပ်ယမ်းကာ တောင်းဆိုလိုက်သည်။

"မနက်ဖြန် ကျတော့ ဆိုပြမယ်လေ၊ ပိုနဲ့ ဘို စောစောကမ်းနားကို ထွက်ခဲ့ကြပေါ့၊ ဒီနေ့တော့ မမရင်နှစ် အဝတ်တွေ လျှော်စရာရှိလို့ ပြန်ရဦးမယ်"

"ဒါဆို ခုပြန်တော့မှာ လား"

"အင်း..."

"ပို လိုက်လျှော်ပေးရမလား"

"အဟင်း...ဟင်း...ဟင်း ကျေးဇူးတင်ပါတယ် ကလေးရယ်၊ မမရင်နှစ် တစ်ယောက် တည်း လျှော်နိုင်ပါတယ်"

"ကြီးကြီးသစ်က မမရင်နှစ် အဝတ်တွေ ကို လျှော်ပေးဖို့ကောင်းတာပေါ့၊ မမရင်နှစ် မှ မျက်စိမမြင်ရတဲ့ ဥစ္စာ"

ဘိုက မကျေမနပ်ဟန်ကလေးဖြင့် ပြောလိုက်သည်။

"အို...သူ လျှော်ပေးတာလဲ မလိုချင်ပါဘူး၊ မမရင်နှစ် ငရဲကြီးမှာ ပေါ့၊ လူကြီးကို ဘယ်ခိုင်းလို့ ဖြစ်မလဲ ဘိုရဲ့ "

"မမရင်နှစ် ကတော့ စံပဲ၊ မျက်စိသာ မမြင်ရတယ် အဝတ်အစားတွေ လျှော်ဖွတ်ထားတာလဲ ဖွေးဥနေတာပဲ၊ ကိုယ့်ကိုကိုယ်ဖြီးလိမ်းထားတာလဲ လှလို့ပလို့၊ ဟို...ပိုတို့ အိမ်ဘေးက မမလဲ့ကြီး တစ်နေ့ မှန် အကြိမ်တစ်ထောင်ကြည့်ပြီး မြင်နေတာနဲ့ ဘာမှမဆိုင်ဘူး အဟင်း...ဟင်း...ဟင်း"

"ဟာ...ဟုတ်တယ် မမရင်နှစ် ရဲ့ ၊ အဲ့ဒီမမလဲ့ကြီးကလေ မိုးလင်းတာနဲ့ မှန်ရှေ့ရောက်တာပဲဗျ၊ ဘို့အခန်းက ကြည့်ရင် သူ့အခန်းကို တန်းမြင်ရတာ ၊ ဘယ်လို မှန်ကြို က်မှန်း မသိပါဘူးဗျာ၊ မုန်းတောင် မုန်းတယ်"

"မိန်းကလေး ဘဘာဝပေါ့ ဘိုရယ်...မမုန်းပါနဲ့...."

"ကဲ...လမ်းခွဲကြတော့မယ်"

"ဟယ်...ကြည့်စမ်း၊ ပိုတို့ အိမ်နား ရောက်လာတာ မမရင်နှစ် ဘယ်လိုသိလဲဟင်"

ပိုက ရင်နှစ် ဦး၏ မျက်နှာကို အံ့သြလှဟန် အသွင်ကလေးဖြင့် မော့မော့ကလေးကြည့်ကာ မေးလိုက်သည်။

"မမရင်နှစ် က စကားပြောနေပေမယ့်၊ စိတ်ထဲက ခြေလှမ်းတွေ ကို ရေတွက်နေတာ အကျင့် ဖြစ်နေပြီလေ၊ အဟင်း... ဟင်း... ဟင်း ...အံ့သြသွားသလား ပို"

"အို...သိပ် အံ့သြတာပဲ"

"ကဲ....ကဲ...သွားကြတော့"

ကလေးနှစ် ယောက် ကို ဆွဲကိုင်ထားသော လက်များ ကို ရင်နှစ် ဦးက ဖြု တ်ပေးလိုက် သည်။

အမြွှာ မောင်နှမ ကလေးနှစ် ယောက် သည် သူ့ထံပါးမှ ခုန်ပေါက် ပြေးလွှား ထွက်ခွာ သွားကြတော့သည်။

ရင်နှစ် ဦးသည် ညင်သာ နွဲ့နှောင်းသော လှုပ်ရှားမှုဖြင့် သူ့အရိပ်ခိုနေရသော ဦးလေး ဖြစ်သူ ဦးသာဦး၏ နေအိမ်ဆီသို့ ဆက်လျှောက်လာ၏ ။

သူ သွားပုံ....

လာပုံ.....

လှုပ်ရှားပုံကလေးများ သည် သူ့အကြောင်းကို မသိသူဆိုလျှင် မျက်မမြင်ဒုက္ခိတမလေးဟု မထင်ဘဲ လူကောင်းပကတိဟု ထင်ကြမည် သာ ဖြစ်၏ ။

♥ ♥ ♥

# အခန်း (၂)

“မခင်သစ်က ဘာတွေ များ စီစဉ်ထားလို့လဲ ဆိုစမ်းပါဦး”

“မန္တလေးပဲစဉ်းစားကြည့်လေ၊ ဒီအကန်းမလေးကို ကျွန်မတို့ ဘယ်တစ်သက်လုံး တာဝန်ယူသွား နိုင်မှာ လဲလို့၊ ကျွန်မလဲ အမေတို့ဆီ ပြန်ချင် သေးတယ်လေ...”

“သူရှိနေတော့ ကိုယ်ဘယ်မှာ လွတ်လွတ်လပ်လပ် သွားနိုင်မှာ လဲ၊ တန်းလန်း၊ တန်းလန်း ခေါ်သွားရမှာ လဲ တာဝန်ကကြီးပဲ့၊ ထားခဲ့ပြန်လို့ကလဲ မ ဖြစ်ဆိုတော့ အိမ်ကလူကို ဘီလူးဆိုင်းနဲ့ကြမ်းပြီး အမိန့်ထုတ်လိုက်ပြီ”

“ဒီနေ့ပဲ သူ့ တူမကို ရန်ကုန်က မျက်မမြင်ကျောင်းမှာ သွားထားမယ် ဆိုတဲ့ အကြောင်း ပြောဖို့”

တစ်ဦးတည်းသော အားကိုး အားထားရာ ဦးလေး ဖြစ်သူ၏ ဇနီး ဖြစ်သူ ဒေါ်ခင်သစ်၏ ဝါကျ အဆုံးပိုင်းကလေးကိုသာ ကြားလိုက်ရ သော် လည်း အိမ်ပေါ်သို့ လှမ်းတက်မည် ပြုနေသော ရင်နှစ် ဦး၏ ခြေလှမ်းအောက်သို့ ပြန်ကျသွားပြီး ကိုယ်လုံးကလေးတောင့်ခနဲ ဖြစ်သွားရှာ၏ ။

“မခင်သစ်ရဲ့ အစီအစဉ် ကောင်းပါတယ်၊ ကိုယ့်အိမ်ကလူကိုသာ ပိုင်အောင်ပြောခိုင်း၊ ရင်နှစ် ကို မျက်မမြင်ကျောင်းပို့နိုင်ရင် သူ့အတွက်ရော ကိုယ့်အတွက်ပါ ကောင်းမယ့်ကိစ္စ”

“အဲဒါ ပြောနေတာပေါ့၊ အိမ်က လူက အစ ကတော့ အင်တင်တင်ပဲ ခုတော့ ကျွန်မက ကြမ်းပြလိုက်လို့ ပြောတဲ့အတိုင်း လုပ်ပါ့မယ်လို့ ကတိပေးထားပြီလေ၊ စောင့်ကြည့်ရဦးမှာ ပေါ့”

ဒေါ်ဒေါ်သစ်ရက်စက်လိုက်တာ၊ ရက်စက်လိုက်တာ၊ ငါ့ကိုကျတော့ စကားကလေး ချိုချို... ချိုချိုပြောပြီး ပါးစပ်ကသမီး သမီးနဲ့၊ ခုတော့ သူ့စိတ်ပုပ်ကြီး ပေါ်လာပြီ...

"မသွားဘူး... မသွားဘူး၊ ငါရန်ကုန်ကို ဘယ်နည်းနဲ့မှ မသွားနိုင်ဘူး၊ ငါ့ကို ရန်ကုန်ပို့မယ်ဆိုရင် ငါ ထွက်ပြေးမှာ ပဲ၊ ဘွား ဝါအိမ်မှာ ငါ တစ်ယောက် တည်း သွားနေမယ်၊ ဘွား ဝါရဲ့ အမွေကို ငါလဲ ရသင့်တာပဲ"

"ကဲ...မခင်သစ်ရေ ပြန်လိုက်ဦးမယ်၊ မိုးလင်းကတည်းက အိမ်က ထွက်လာတာ၊ ခုလောက်ဆိုရင် အိမ်က အဘိုးကြီး ထမင်းဆာလို့ မေတ္တာတွေ ကောင်းကောင်း ပို့နေလောက်ပြီ"

"အဟင်း... ဟင်း... ဟင်း၊ သွား.... သွား မနှဲ့ရေ၊ အကျိုး အကြောင်း သိချင်ရင် မနက်ဖြန် ညနေ ကျတော့ အိမ်ဘက် လျှောက်ခဲ့ဦးပေါ့"

"အို...လာမယ်....လာမယ်"

"ဟွန်း...တော် တော် သူများ အကြောင်း စပ်စုချင်တဲ့ မိန်းမကြီး၊ အိမ်ပြန်ရောက်ရင် သူ့ယောက်ျား ဦးလူဝကြီး ဝါးရင်းတုတ်နဲ့ ဆီးရိုက်ပါစေ"

ရင်နှစ် ဦးသည် အိမ်ခေါင်းရင်းဘက်ရှိ သရက်ပင်ကြီး၏ ပင်စည်တွင် သူ့ ကိုယ်ကလေးကို ပြေးကွယ်၍ ထားလိုက်ပြီး စိတ်ထဲက နင့်နင့်နဲနဲကြီး ကျိတ်ဆုတောင်း လိုက်မိသည်။

ခံ့ဘိနပ် အမြဲစီးပြီး ခြေကို လျှပ်တိုက်လျှောက်တတ်သော ဒေါ်နှဲ့၏ အကြောင်းကို ကောင်းကောင်း သိနေသော ရင်နှစ် ဦးသည် ခြေသံဝေးသည်ထက် ဝေးသွားသည်အထိ နားစွင့်၍ ငြိမ်နေလိုက်သည်။

ခြေသံ တစ်စတစ်စ နားနှင့် ဝေးသွားတော့မှ ဒေါ်ခင်သစ်၏ လှို့ဝှက် ကြံစည်နေမှုကြီးကို မသိကျိုး ကျွန်ဟန်ပြုကာ အိမ်ဘက်ဆီသို့ ပြန်လျှောက်ခဲ့သည်။

"ဟော...သမီး ကလေးတောင် ပြန်လာပြီ၊ လမ်းလျှောက်ရတာ ဆာသွားရင် ဟောဒီမှာ ထမင်းကြော်နဲ့အမဲနှပ်ကလေးရှိတယ်၊ လာစားလိုက်.... လာစားလိုက်"

ဒေါ်ခင်သစ်၏ အသံသည် သကာလောင်းထားသည်သို့ ချိုမြ၍ နေ၏ ။

စောစောက ဒေါ်နွဲ့နှင့် အချီအချ ပြောနေသော လေသံနှင့် ဘာဆိုဘာမျှမဆိုင်။

ရင်နှစ် ဦးသည် ထမင်းစားပွဲတွင် ဝင်ထိုင်ပြီး ထမင်းကြော်နှင့် အမဲနှပ်ကိုဏ္ဍြွေမပျက် ဝင်စား ပစ်လိုက်သည်။

ဒေါ်ခင်သစ်၏ မျက်နှာကို သူ မမြင်ရ သော် လည်း ဒေါ်ခင်သစ်၏ မျက်နှာသည် သူ့ကို တင်းမာ မုန်းတီးစွာ ကြည့်ကာ နေမည် မှာ သေချာလှသည်ဟု စိတ်ထဲက ခန့်မှန်းမိနေ၏ ။

“လေးလေးသာ ဘယ်သွားလဲ ဒေါ်ဒေါ်သစ်”

“မောင်အေးတို့ဘက်ကို ခဏ သွားမယ်ဆိုပြီး ပေါ်မလာတော့ဘူး၊ သမီး လေးလေးသာ အကြောင်း သမီးသိသား မဟုတ်လား၊ လေမိနေရင် မထတော့ဘူးမှတ်”

“ဦးလေး အေးဆီက စိန်တိုးဝေ မော်တော် ကို ဝယ် ဖြစ်သလားဟင် ဒေါ်ဒေါ်သစ်”

“မဝယ် ဖြစ်သေးပါဘူးကွယ်၊ သူကသာ နံ့နံ့တက် ဝယ်ချင်နေတာ၊ ဘယ်မလဲပိုက်ဆံ၊ ဘွားဝါရဲ့ အိမ်ကလဲ ရောင်းလို့မှ မတည့်သေးတဲ့ဥစ္စာ....

“ကဲ...သမီး ရင်နှစ် စားသောက်ပြီးရင် လုပ်နိုင်တာလေးတွေ လုပ်ထားနော်၊ ဒေါ်ဒေါ်သစ် ငွေသွားကောက်လိုက်ဦးမယ်.....

“ဈေးမကွဲခင် သွားမှ၊ ဒီဟာမတွေ က ပိုက်ဆံ လိုချင်ရင် လေသံ တစ်မျိုး ၊ ပေးခါနီး ကျရင် လေသံ တစ်မျိုး ကောင်းကို မကောင်းကြဘူး၊ ကိုယ်က အုပ်မိနိုင်မှ”

“ဩော်... ဒေါ်ဒေါ်သစ်နဲ့သူတို့ ဘာများ ကွာကြလို့လဲ အဟွန်း...”

ရင်နှစ် ဦးသည် စိတ်ထဲတွင် ကျိတ်၍ မဲ့ရွဲ့ပစ်လိုက်မိသည်။ မကြာမီ ဒေါ်ခင်သစ်သည် တချွတ်ချွတ် တကြွပ်ကြွပ်အိမ်ပေါ်တွင် ဟိုလျှောက် သည်လျှောက် ခေတ္တမျှလုပ်ပြီး နေ့ပြန်တိုး ကောက်သိမ်းရန် ဈေးဘက်သို့ ထွက်ခွာသွားတော့သည်။

သည်အချိန်ကတည်းက ထွက်လိုက်လျှင် ဒေါ်ခင်သစ်သည် မွန်းလွဲကျော်မှ

အိမ်ပြန် ရောက်တတ်သည်မှာ ထုံးစံလိုလို ဖြစ်နေသည်။

သည်နေ့ကျမှ လေးလေးသာကလဲ အိမ်ကိုပြန်မလာသဖြင့် ရင်နှစ် ဦးမှာ ပွင့်ပွင့်လင်းလင်းကြီး မေးချလိုက်ချင်သည့် စကားများ ဖြင့် ရင်တွင် ခိုးလိုး ခုလုကြီး ဖြစ်၍ နေပါ၏ ။

ထမင်းစားပွဲမှ ထလိုက်ပြီး ပန်းကန်ဟောင်းများ ကို ထပ်တင်ကာ အိမ်နောက်ဖေး ရေကပြင်ဆီသို့ ရင်နှစ် ဦး ထွက်ခဲ့သည်။

ရေကပြင် ပေါ်တွင် ဆေးစရာ အိုးခွက်ပန်းကန်တွေ က ထုံးစံအတိုင်း လက်ဖြင့် စမ်းကြည့်လိုက်တိုင်း နေရာတိုင်းတွင် ရှိနေ၏ ။

နေ့စဉ် လုပ်နေကျ အလုပ် တစ်ခုလို ဖြစ်နေသဖြင့် ရင်နှစ် ဦးသည် သစ်သား ဖင်ထိုင်ခုံကလေး တွင် ထိုင်ချလိုက်ပြီး မညည်းမညူတစ်ခုပြီး တစ်ခု ဆွဲယူ၍ တိုက်ချွတ်ဆေးကြောလိုက်တော့သည်။

အကန်း တစ်ယောက် ၏ လုပ်ဆောင်ချက်သည် အကောင်း တစ်ယောက် ထက်ပင် သာနေသေး တော့၏ ။

ဆေးကြောပြီးစီးသွားသော အိုးခွက်ပန်းကန်ကလေးများ ပြောင်လက်သန့်စင်၍ နေကြပြီ။

ရင်နှစ် ဦးသည် ပန်းကန်စင်ဆီသို့ ပန်းကန်များ ကို ရွှေ့ယူလာခဲ့ပြီး အစီအရီ စင်ပေါ်တွင် ထပ်တင်ထားလိုက်သည်။ ပြီးလျှင် အိုးများ ကို အောက်ဆုံးအဆင့်တွင် သေသပ်ကျနစွာ ထားသိုလိုက်သည်။

ပန်းကန်အိုးခွက် ဆေးကြောရသည့် ကိစ္စပြီးစီးသွားသည့်အခါတွင် တော့ ရေချိုး ခန်းဆီသို့ ဝင်ခဲ့သည်။

ဒန်ဇလုံကြီးထဲတွင် ဆပ်ပြာမှုန့် နှစ် စိမ်ထားသော အဝတ်တွေ က တစ်ပုံတစ်ပင်ကြီး။

ရင်နှစ် ဦး မည်းမည်းမည်းမည်းမည်းကာ ဖြစ်သည်။

သီချင်းကလေး တအေးအေးနှင့် နေ့စဉ်နေ့တိုင်း ပျော်ပျော်ရွှင်ရွှင် လုပ်လာခဲ့သည်မှာ ကြာပြီ ဖြစ်သည်။

သည်နေ့တွင် တော့ ဒေါ်ဒေါ်သစ်၏ စိတ်နေစိတ်ထားနှင့် အကြံအစည်ကို ရှင်းရှင်းဘွင်းဘွင်း တိတိပပကြီး သိခဲ့ရပြီမို့ ရင်နှစ် ဦး အဘယ်မှာ လျှင် ပျော်ရွှင်နိုင်ပါမည် နည်း။

သီချင်းလည်း ဆိုနိုင်ပါမည် နည်း။

"လေးလေးသာရယ်၊ ဒေါ်ဒေါ်သစ် အိမ်မရောက်ခင် မြန်မြန်ပြန်လာခဲ့စမ်းပါ၊ ရင်နှစ် လေးလေးကို ပြောချင်တဲ့ စကားတွေ အများ ကြီး၊ လေးလေး ဘွားဝါ မဆုံးခင် ပေးခဲ့တဲ့ ကတိတွေ ၊ လေးလေး မေ့နေရင် ရင်နှစ် ပြောပြချင်လွန်းလို့..."

ရင်နှစ် ဦး ဆုတောင်း မပြည့်ဝခဲ့ရှာပါ။

ဦးသာဦးသည် နေဝင်ချိန် ရောက်မှ အရက်ကလေး တထွေထွေနှင့် အိမ် ပြန်ရောက်လာ၏ ။

သူလုပ်စေချင်တာ၊ ဖြစ်စေချင်တာကို အချိန်ဆွဲနေရကောင်းလားဟု ကျိတ် ဒေါသ ထွက်နေသော ဒေါ်ခင်သစ်သည် ခင်ပွန်းသည်ကို တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် အိမ်ပေါ် တက်အလာကိုပင် မစောင့်နိုင်ဘဲ လှေကားထစ်များ ပေါ်သို့ ပြေးဆင်းသွား၏ ။

"ရှင်....ရှင် ဘာသဘောနဲ့ ဒီလို လုပ်တာလဲ ဟင် ကိုသာဦး"

ဇနီးသည်၏ ပုပ်သိုးနေသော မျက်နှာကြီးကို ဦးသာဦး က ကြည့်လိုက်သည်။

"ဟ....မခင်သစ်ရ၊ ငါ အရက်သောက်တာ ဆန်းသလားကွ၊ မင်းက ထူးထူးဆန်းဆန်း လုပ်လို့"

"ရှင့်ကို ကျွန်မခိုင်းထားတာ ရှိတယ် မဟုတ်လား၊ ရှင်ဘာလို့ အချိန်ဆွဲနေတာလဲ၊ ရှင် အချိန်ဆွဲနေတာ ကျွန်မ သိတယ်၊ ရှင် အူကြောင်ကြောင် လုပ်မနေနဲ့နော်၊ ဒါပဲ ကိုသာဦး"

“မင်းပါးစပ်ပြကြီးကို ပိတ်ထားစမ်း မခင်သစ်၊ ငါ့တူမလေး ကြားသွားမယ်”

“အမူးပါ၊ မကြားဘူး...မကြားဘူး၊ ရှင့်တူမက သူ့အိပ်ခန်းထဲမှာ ကက်ဆက် တစ်လုံးနဲ့ ငြိမ့်နေတာ ကြာပြီသိရဲ့ လား”

အိပ်ခန်းထဲတွင် ကက်ဆက်ကို ဖွင့်ထားခဲ့ပြီး အိမ်ပုဏ္ဏားကွယ်မှ ခိုးနားစွင့်နေသော ရင်နှစ် ဦး၏ နားထဲသို့ ဦးလေးနှင့် ဇနီး ဖြစ်သူတို့၏ စကားများ ပီပြင် ရှင်းလင်းစွာ ဝင်ရောက်လာနေ၏ ။

“မင်း ပြောစေ့ချင်တာ ပြောပါ့မယ် မခင်သစ်ရာ၊ ဖြစ်စေ့ချင်တာလဲ ဖြစ်ရပါစေ့မယ်၊ ရင်နှစ် ဦးကို ငါသန်ဘက်ခါ ရန်ကုန်ကို ခေါ်သွားတော့မှာ ပါ၊ မင်းသာ ငြိမ်ငြိမ်နေပါ၊ ငါ့တူမလေး ငါ့ကိုနာမသွားအောင်တော့ ငါဖျောင်းဖျပြောချင်ပါသေးတယ်”

“ဟင်...ကြည့်စမ်း၊ စိတ်ပုပ်မကြီး ဖြစ်စေချင်တဲ့ အတိုင်းဦးလေးက လိုက်လုပ်မယ်တဲ့၊ အို သူ့ မိန်းမ စကားဒီလောက် အောင်နေမှတော့ ငါ ဘာပြောပြော နားဝင်ပါတော့မလား.....

“အို...ဒီ ယမုန်သာ မြို့ ကနေ ငါ ဘယ်မှ မသွားနိုင်ဘူး၊ မသွားနိုင်ဘူး....ဒီမှာ ပဲ ငါပျော်တယ်၊ ဒီမှာ ပဲ ငါသေနိုင်မယ်”

ရင်နှစ် ဦးသည် ဟင့်ခနဲ ရှိုက်ကာ သူ့ အိပ်ခန်းဆီသို့ လျင်မြန်စွာ ကူးဝင်လိုက်သည်။

တံခါးကို ချက်ချပြီး ကက်ဆက်၏ အသံကို အသားကုန်လည်း ကျယ်ပစ်လိုက်သည်။

ပြီးလျှင် စိတ်ဓာတ် ပြိုကွဲစွာ ဖြင့် ခုတင် ပေါ်တွင် သူ့ကိုယ်ကလေးကို ပစ်၍ မှောက်ချပစ်ကာ သည်းထန်စွာ ငိုကြွေးနေရှာ၏ ။

ရင်နှစ် ဦးသည် ငိုရင်းက ဆတ်ခနဲ ထ ထိုင်လိုက်သည်။ မျက်ရည်များ ကို ကြမ်းတမ်းစွာ သုတ်ချလိုက်ပြီး တစ်စုံ တစ်ခုကို လေးနက်စွာ တွေးနေဟန်ဖြင့်

ခေတ္တမှုင်ငြိမ်နေသည်။

"အို...လေးလေး ငါ့ဆီ လာတော့မယ်၊ မကြာခင်ပဲ ရောက်လာတော့မယ်၊ သူနဲ့ငါတွေ ့ရလို့လဲ ဘာအကြောင်းထူးတော့မှာ မို့လဲ၊ ဒီလောက်တောင် မိန်းမ သဘောမလွန်ဆန်နိုင်တဲ့ လေးလေးသာရဲ့ အသံကိုလဲ ငါမကြားချင်တော့ပါဘူး၊ အိုလေ....ငါ့ဆုံးဖြတ်ချက်အတိုင်း လုပ်လိုက်တာဘဲ ကောင်းပါတယ်၊ ပြောနေကြာတယ်"

စိတ်လိုက်မာန်ပါပင် ရင်နှစ် ဦးသည် ဆိုးဆိုးဆတ်ဆတ်ထ လိုက်ပြီး အိမ်နောက်ဖေး တံခါးချက်ကို ဖွင့်ကာ နောက်ဖေး ကပြင် ဆီသို့ ဆင်းလိုက်သည်။

ကပြင်ပေါ်က ဖိနပ်ကို စမ်းတဝါးဝါးဖြင့် စီးနင်းလိုက်သည်။

အိမ်သာတက်ရန် အသုံးပြုသော ရော်ဘာ ဖိနပ်ကြိုး သည် သူ့ ခြေထောက် သေးသေးကလေး နှင့် ဆိုလျှင် သဘော်ကြီးအလား ရှိနေ၏ ။

ရင်နှစ် ဦး ဘာကိုမျှ ဂရုမစိုက်နိုင်တော့ပါ။

သူ့အသိဉာဏ်ထဲတွင် စိုးမိုးနေသည်က တစ်ခုတည်း ဒီ အိမ်၊ သူ လူတွေ နှင့် ဝေးရာသို့ ပြေးရန် တစ်ခုတည်း။

ကပြင်ပေါ်မှ မြေပြင်ပေါ်သို့ ခြေ ကျသည်နှင့် တစ်ပြိုင်နက် ခြေဦးတည့်ရာသို့ သွက်လျှင်စွာ ရင်နှစ် ဦး လျှောက်ပစ်လိုက်သည်။

တော် တော် ကြီး လျှောက်မိလာပြီးမှ သတိတရား ပြန်ဝင်ပြီး ကိုယ်ရှိန် သတ်လိုက်ပြီး ဘွားဝါ၏ နေအိမ်ကြီး ရှိရာဘက်သို့ ပြန်၍ ခန့်မှန်းလိုက်သည်။

စီးထားသော ဖိနပ်ကိုချွတ်ပြီး ခြေကို မလိုက်ချလိုက်နှင့် စမ်းသပ်ကြည့်လိုက်သည်။

ကတ္တရာလမ်းမသည် ခြေဖဝါးအောက်တွင် ချောမွတ်နေ၏ ။

ဂဝံခင်းထားသော ဘွားဝါ၏ နေအိမ်သို့ သွားသော လမ်းကျန်ခဲ့ပြီကို ရင်နှစ် ဦးသိရှိသွားပြီ။

သူ နောက်ကြောင်းသို့ ပြန်လှည့်၍ လျှောက်လိုက်သည်။

အလင်းမဲ့ မျက်လုံးများ ဖြင့် လမ်းပေါ်တွင် းစမ်းတဝါးဝါး လျှောက်နေသော ခြေလှမ်းများ သည် တစ်ချီတစ်ချီတွင် ယိုင်နဲ့ သွားလောက်အောင် ဖြစ်နေ၏ ။

ရင်နှစ် ဦးသည် အံကို တင်းတင်း ကြိတ်ထားလိုက်သည်။

သို့ သော် ....

မျက်တောင်ရှည် ကော့ကော့ ထူထူကြီးများ ဖြင့် ထူးကဲစွာ လှလွန်းနေသော သူ့မျက်ဝန်းအစုံ ဆီမှာ တော့ မျက်ရည်တွေ က အဆက်မပြတ် ကျဆင်း၍ နေ၏ ။

တဖြည်းဖြည်းနှင့် စမ်းလျှောက် နေသော ရင်နှစ် ဦး၏ လက်များ သည် လမ်းဘေးတွင် ရှိနေသော မြစ်ကမ်းပါး အကာအရံ အုတ်ရိုးကို စမ်းမိလာသည်။

အုတ်ရိုးကလေးကို အာရုံပြု၍ ဆက်၍ လျှောက်လာခဲ့သည်တွင် တစ်နေရာဆီသို့ ရောက်သော အခါ ပြန့်ပြူး နေသော မြေပြင်မှ မညီညာတော့သော ချိုင့်ထဲသို့ ခြေကနင်းမိသွားသည်။

"အောင်မလေး"

ငယ်သံပါအောင် အော်မိပြီး အုတ်ရိုးကို လှမ်းဆုပ်လိုက်သည်။

လေကိုသာ ဆုပ်မိသည်။

ရှိနေကျ ဖြစ်သော အုတ်ရိုးက ပျောက်ကွယ်သွားပြီ ဖြစ်သည်။

"ဘုရား...ဘုရား ဘာတွေ ဖြစ်ကုန်ပြီလဲ"

မရဲတရဲကလေး လှမ်းလိုက်သည်တွင် အခြေအနေက ပိုဆိုးသွားပြီး သူ့ကိုယ်သူ မဟာန်နိုင်တော့ဘဲ ရင်နှစ် ဦးသည် မြစ်ကမ်းနဖူး ကုန်းလျှောဆီသို့ လိမ့်ကျ လိမ့်ဆင်းသွားတော့သည်။

သေအံ့မူးမူး ကြောက်ရွံ့စိတ်ဖြင့် စမ်းမိစမ်းရာကို စမ်းမိရာက

အတင်းတွယ်ကုပ်ထားလိုက် သည်။

သူ ကုပ်ထားမိသည်က ကျောက်တုံးကြီး တစ်တုံး။

"ကယ်ကြပါ....ကယ်ကြပါရှင်၊ ကျွန်မကို ကယ်တော် မူကြပါ"

ကယ်ပါ၊ ယူပါ တစာစာဖြင့် ရင်နှစ် ဦးသည် မည် မျှကြာအောင် အော်နေမိသည် မသိတော့....

နောက်ဆုံးတွင် တော့ မောလဲ မော လူလဲ ပမ်းပြီး ကျောက်တုံးကြီးကိုသာ အမိအရ ဖက်ကာ သည်းထန်စွာ ငိုနေမိသည်။

♥ ♥ ♥

## အခန်း (၃)

ကမ်းနားလမ်း အတိုင်း ဖြည်းညင်းစွာ မောင်းနှင်လာသော ဒတ်ဆန်း ဆန်နီကားဖြူဖြူကလေး တစ်စီးပေါ်ရှိ လူသည် မြစ်ရိုးကို ကာရံထားသော အုတ်ရိုးကြီးတစ်ပိုင်းတစ်စ ပြိုပျက်နေသည်ကို တွေ့ရလျှင် သူ့ကား လမ်းဘေးတွင် ချ၍ စက်သတ်ပြီး လက်နှိပ်ဓာတ်မီးကို ဆွဲယူကာ ကားပေါ်မှ လျင်မြန်စွာ ဆင်းလိုက်သည်။

"အုတ်ရိုးကြီး စောစောက အကောင်းပါ၊ ဘယ်လို ဖြစ်သွားတာပါလိမ့်"

ပြိုပျက်နေသော အုတ်ရိုးကြီးဆီသို့ ချဉ်းကပ်ကာ ခြောက်ထောင့်ထိုး လက်နှိပ်ဓာတ်မီးကြီးဖြင့် ပြိုပျက်နေသည့် လမ်းတစ်လျှောက်သို့ လိုက်ထိုးကြည့်လိုက်သည်တွင် ...

"ဟာ...ဟိုမှာ မိန်းကလေး တစ်ယောက် ပါလား"

ကျောက်တုံးကြီး ဖတ်၍ မျက်နှာအပ်ကာ ငိုနေသော မိန်းကလေးတစ်ဦး၏

အသွင်ကို ပီပြင်စွာ တွေ့ရှိလိုက်ရပြီ ဖြစ်သည်။

မိန်းကလေး၏ မည်းနက်သော ဆံပင်ရှည်တို့သည် လေတွင် တဖျက်ဖျက် လွင့်ပါးနေ၏ ။ ထို့အတူ ညအမှောင်တွင် အဖြူရောင် ဟု ထင်ရသော တက်ထရွန် ဝါနနထဘီစလေးကလည်း လေတွင် တလွင့်လွင့်နှင့် ....။

ထိုသူသည် သူကလေးကို ကယ်တင်ရန် လုပ်ငန်းစလိုက်တော့သည်။

ဝေါကင်းရှူး စီးနင်းထားသော ထိုသူသည် ခဲလုံးခလုတ်များ ကို သတိကြီးစွာ ဖြင့် နင်း၍ မိန်းကလေး၏ အနီးသို့ ရောက်ရှိသွား၏ ။

"အဟင့်... ဟင့်... ဟင့်"

"ဟေ့... မင်း... မင်း ဘယ်လို ဖြစ်ပြီး ဒီကမ်းပါးထဲကျနေရတာ လဲ"

သူ့ပခုံးပေါ်သို့ ကျရောက်လာသော ညင်သာသော လက်နှင့် သူ့နားထဲသို့ ဝင်လာသော ယောကျ်ား တစ်ယောက် ၏ အောင်မြင်ပီပြင်သော အသံကို ကြားရလျှင် ရင်နှစ် ဦး၏ တင်းခံထားသော စိတ်များ ရုပ်ခြည်းလျော့ကျသွားကာ....

"ကျွန်မ...ကျွန်မ"

"ဟေ့.... ဟေ့.... ဟာ သေတော့မှာ ပဲ"

ကျောက်တုံးကို ဖက်ထားသော လက်များ ပြေကျသွားပြီ ဖြစ်သဖြင့် ရင်နှစ် ဦး၏ ကိုယ်လုံးကလေး အောက်သို့ လျှောကျသွားတော့သည်။

ထိုသူသာ မလျှင်မြန် မဖျက်လတ်ပါလျှင်....

ရင်နှစ် ဦး၏ ကံကြမ္မာသည် တွေးဝံ့စရာမရှိတော့။ သူနှင့် မဝေးလှသော နေရာတွင် မြစ်ရေပြင် သည် ကြမ်းတမ်းစွာ စီးဆင်းနေပါသည်။

သန်မြန်သော လက်များ သည် ရင်နှစ် ဦးကို မလွတ်စတမ်း တင်းကျပ်စွာ ဖမ်းယူ ပွေ့ဖက်ထားလိုက်သည်။

"ဟော့...ဟော့၊ ဟာ...သူသတိမေ့ သွားပါလား"

မိန်းကလေး၏ ကိုယ်လုံးကလေးကို လက်တစ်ဘက်ဖြင့် မှေးကိုင်ထားပြီး တစ်ဘက်က လည်ပင်းကြောကို စမ်းသပ်ကြည့်လိုက်သည်။

မိန်းကလေး သတိမေ့သွားခြင်းပါ။

ရင်ထဲတွင် ပူလောင်သွားသော စိတ်များ အရှိန်လျော့ကျသွားပြီ....

သူ့အတွက် ငှက်မွေးကလေးလို ပေါ့ပါးနေသော ထွေးထွေးအိအိ ကိုယ်လုံးကလေးကို ပခုံးပေါ်တွင် ထမ်းတင်လိုက်ပြီး ကယ်တင်ရှင်သည် ခက်ခဲပင်ပန်းကြီးလှစွာ ဖြင့် ချောက်ကမ်းပါးထဲမှ လမ်းမကြီးပေါ်သို့ ရောက်အောင် တက်ခဲ့ရသည်။

"ဟူး..."

ကယ်တင်ရှင်သည် နဖူးပေါ်သို့ ကျနေသော ဆံပင်များ ကို လေဖြင့် မှုတ်တင်လိုက်ပြီး ပျော့ခွေနေသော မိန်းကလေးကို သူ့ကား ခေါင်းခန်းထဲသို့ ထည့်သွင်းလိုက်သည်။

ပြီးလျှင် အချိန်ဆွဲမနေတော့ဘဲ သူ့နေအိမ်ရှိရာသို့ ကားကို လျှင်မြန်စွာ မောင်းထွက်ခဲ့တော့ သည်။

ခြံဝင်းကျယ်ကြီးထဲရှိ ရေနံ့ဝနေသော ပျဉ်ထောင်နှစ် ထပ် အိမ်ကြီး တစ်အိမ်ဆီသို့ ရောက်သည့်အခါတော့ ဆင်ဝင်အောက်တွင် ကားကို ထိုးရပ်လိုက်ပြီး မိန်းကလေးဘက်က ကားတံခါးကိုပြေးဖွင့်လိုက်သည်။

မိန်းကလေး ကတော့ သတိမေ့လျက်နေဆဲ....။

ကယ်တင်ရှင်သည် ကားအတွင်း းမှ မိန်းကလေးကို ပွေ့ထုတ်လိုက်စဉ် အိမ်၏ အဝင်တံခါးမကြီး အနီးသို့ အမျိုး သမီးကြီး တစ်ယောက် ရောက်ရှိလာပြီး ပိတ်ထားသော ဘာဂျာတံခါးကို ဆွဲဖွင့်ပေးလိုက် သည်။

"ဟင်... စိုးစိုး၊ သူ့ကို မင်း ကားနဲ့တိုက်.... တိုက်မိ..."

အမျိုး သမီးကြီးသည် ပျော့ခွေနေသော မိန်းကလေးကို သူ့လက်တွင် တွေ့လိုက်ရလျှင် ထိတ်လန့် တုန်လှုပ်သွားသည်။

"ကြီးကြီးမွှေး ထင်တာ မဟုတ်ပါဘူး၊ သူ့အတွက် ခုတင်...ခုတင်"

"လာ... လာ၊ ကြီးကြီးမွှေး ခုတင်မှာ ပဲ တင်လိုက် စိုးစိုး"

"ကြီးကြီးမွှေး ကျွန်တော့် ဆေးအိတ် မြန်မြန် ယူလာခဲ့ပါ"

"အေး... အေး"

သူ၏ ဝဖိုင့်သော ကိုယ်ခန္ဓာကြီးနှင့် မလိုက်အောင် ကြီးကြီးမွှေး ဆိုသူသည် ပြေးထွက်သွားရာ ၏ ။

မိန်းကလေးကို ခုတင်ပေါ်တွင် ချပြီး သူ့မျက်နှာပေါ်က ဆံပင်များ ကို ဖယ်ရှားလိုက်သည့်အခါ တွင် တော့ အလွန်နုနယ်ပြီး ကြွေရုပ်ကလေး တစ်ရုပ်လို လှပလွန်းသော မိန်းကလေး၏ မျက်နှာကလေးကို ပီပီပြင်ပြင် တွေ့ ရှိလိုက်ရသည်။

"သိပ် လှ တဲ့ ချာတိတ်မလေးပါလား၊ ဘယ်လို ဖြစ်တာလဲ မသိဘူး"

"အို... ဟယ်.... လှလိုက်တဲ့ ကလေးမလေးပါလား ဟင် စိုးစိုး၊ သူ့ကို မင်း ဘယ်လိုတွေ့ လာတာလဲ"

"မြစ်ကမ်းပါး ချောက်ထဲက တွေ့ ခဲ့တာ၊ ကမ်းအရံ အုတ်ရိုးကြီးလဲ မနေ့က မိုးကြီးလို့ ရေစားပြီး ပြိုကျသွားတယ်"

" ဖြစ်မှ ဖြစ်ရလေ၊ ဒီကလေးမကလေး ဘယ်လို ဘယ်ပုံများ အောက်ဘက် ကျသွားတယ် မသိဘူး၊ ကံကြီးလို့မသေတယ်ကွယ်"

"ဟုတ်တယ်၊ သူ သိပ်ကံကောင်းတယ်၊ ကျွန်တော် နဲ့ မတွေ့ ခဲ့ရင်လဲ သူ့ဘဝဟာ အဆိုးဆုံး ဖြစ်သွားနိုင်တယ်"

ဆေးအိတ်ကို ဖွင့်၊ နားကြပ်ကို ထုတ်ယူ၍ တပ်ကာ သွေးပေါင်တိုင်း ကိရိယာ တစ်ခုဖြင့် ဆောင်ရွက်ဖွယ်ရာတို့ကို သွက်လျင်စွာ ဆောင်ရွက်ရင်းက ဒေါက်တာ စိုးသက်နောင် ပြောလိုက်ခြင်း ဖြစ်သည်။

"ဟား.... သွေးပေါင်ချိန်ကလဲ သိပ် ကျနေတာပဲကိုး၊ အကြောက် လွန်သွားတာလဲပါလို့ ဒီလောက် ကြာကြာ သတိမေ့နေတာ၊ သူ့ကို ဆေးထိုးမယ် ကြီးကြီးမွှေး"

"အေး...အေး ရမယ် ရမယ်"

ဒေါက်တာ စိုးသက်နောင် တစ်ယောက် စဉ်းစဉ်းစားစား ချင့်ချင့်ချိန်ချိန်နှင့် မိန်းကလေးကို ထိုးပေးရန် ဆေးကို ရွေးထုတ်နေစဉ် ဒေါ်မွှေးကလည်း ရေဇလုံ၊ ရေနွေးဓာတ်ဘူး စသည်တို့ကို အပြေးအလွှားသွားယူခဲ့၏ ။

ဆေးထိုးရန် ဆေးပိုက် အသင့် ဖြစ်သွားသည့်အခါတွင် မိန်းကလေး၏ ကိုယ်လုံးကလေးကို ဒေါ်မွှေးက တစ်ဘက်သို့ စောင်းချပေးလိုက် ပြီး ထဘီကို လျှော့ပေးလိုက် သည်။

ဒေါက်တာစိုးသက်နောင်သည် ဆေးထိုးပေးပြီးနောက် ဂွမ်းစလေးတွင် ရှူ ဆေးရည်ကို ဆွတ်ယူပြီး ချာတိတ်မ လုလု၏ နှာခေါင်းဝတွင် တေ့ပေးလိုက် သည်။

"ဘယ်သူ့ သမီးကလေးများ လဲကွယ်၊ မိဘများ ခများတော့ သူ ပျောက်လို့ သော ကမီး တောက်နေကြရှာမှာ ပဲ"

ဒေါ်မွှေးက ဆေးထိုးထားသော တင်ပါးကို ခြေပွတ်ပေးရင်းက ရင်နှစ် ဦး၏ မျက်နှာကလေးကို ကရုဏာစိတ် တစိမ့်စိမ့်ဖြင့် ကြည့်ရင်း ပြောလိုက်သည်။

"ကျွန်တော် တို့က ဒီမြို့ ကို ခုမှ ရောက်တာဆိုတော့ ဘယ်သူ ဘယ်ဝါတွေ နေတယ်ဆိုတာ မသိဘူး၊ သူ သတိရတော့မှပဲ အကျိုး အကြောင်း မေးမြန်းပြီး လိုအပ်ရင်လဲ ရပ်ကွက်လူကြီးပါ တွေ့ပြီး သူနဲ့ သက်ဆိုင်တဲ့လူတွေ ဆီ ပြန်ပို့ပေးတာပေါ့ ကြီးကြီးမွှေး"

"ဟော....ဟော လှုပ်လာပြီ လှုပ်လာပြီ၊ ကလေးမလေး သတိရလာပြီ"

ဒေါ်မွေးသည် ဝမ်းသာအားရကြီးဖြင့် ပြောလိုက်သည်။

စိုးရိမ်ကြောင့်ကြ စိတ်ဖြင့် ထူထဲသော မျက်ခုံးကြီးနှစ် ဘက်ကျုံ့ကာ ရင်နှစ် ဦး၏ မျက်နှာကလေးကို စူးစိုက် ကြည့်နေခဲ့သော ဒေါက်တာစိုးသက်နောင်၏ မျက်နှာကြီးသည်လည်း ကြည်လင် ရွှင်ပျသော အသွင်သို့ ပြောင်းလာ၏ ။

"အင်း.... အင်း.... ဟင်း"

ရင်နှစ် ဦးသည် မျက်လုံးများ ပွင့်မလာသေးဘဲ ညည်းကာ ဦးခေါင်းကို ခါယမ်းရင်း မျက်ရည်များ စီးကျ၍ လာသည်။

"ဟေ့.... ဟေ့ ဒီမှာ မင်း သတိရပြီ မဟုတ်လား၊ မျက်လုံးဖွင့်စမ်း၊ မျက်လုံးဖွင့်လိုက်၊ မင်း အန္တရာယ်ကင်းတဲ့နေရာကို ရောက်နေပါပြီ"

"ဟင်....."

ချာတိတ်မလေး၏ မျက်လုံးများ ဖျက်ခနဲ ပွင့်လာကြသည်။

"ဒီအသံကို မှတ်.... မှတ်မိတယ်၊ ရင်နှစ် ကို လာ.... လာကယ်တဲ့လူ မဟုတ်လားဟင်"

"ဟုတ်ပါတယ်၊ မင်းတို့နဲ့တွေ့တာ သိပ်ကံကောင်း၊ မင်းဘယ်လို ဖြစ်တာလဲ တို့ကို ပြောစမ်း၊ မင်း မိဘတွေ ကကော ဘယ်သူတွေ လဲ ဟင်"

ချာတိတ်မလေးသည် သူ့ မျက်နှာကို တဆတ်ဆတ်တုန်နေသော လက်ကလေးဖြင့် အုပ်ပြီး ကျုံကျုံပါအောင် ငိုချလိုက်တော့သည်။

"ဟေး... မငိုနဲ့လေကွာ၊ မင်း ဘာမှ မ ဖြစ်တော့တဲ့ဥစ္စာပဲ၊ မင်း မိဘတွေ ဘယ်မှာ နေလဲ ပြော၊ တို့ ခုသွားခေါ်ပေးမယ်၊ တို့က ဒီမြို့ ကို ပြောင်းလာတဲ့ ဒေါက်တာ စိုးသက်နောင်ပါ"

သူ့လက်ကောက်ဝတ်ကလေး နှစ် ဘက်ကို ကိုင်၍ မျက်နှာကို အုပ်ထားသည့် လက်များ ကို ဒေါက်တာစိုးသက်နောင်က ဖယ်ရှားလိုက်သည်။

"ရင်နှစ် .... ရင်နှစ် မှာ မိ.... မိဘတွေ မရှိတော့ပါဘူး"

"ဒါဆို မင်းဘယ်သူနဲ့ နေသလဲဟင်"

ရင်ထဲတွင် ကျပ်တည်း သွားသလို ခံစား ရင်းက ဒေါက်တာစိုးသက်နောင်က မေးလိုက်သည်။

"ဦး....ဦးလေးနဲ့ပါ"

"ဒါဆို ဦးလေးကို ခေါ်ပေးမယ်လေ"

"အို.... မခေါ်ပါနဲ့..... မခေါ်ကြပါနဲ့"

ရင်နှစ် ဦးက ဆတ်ခနဲ ထလိုက်ကာ အကြောက်အကန်ငြင်းလိုက်သဖြင့် ဒေါက်တာ စိုးသက်နောင်နှင့် ဒေါ်မွှေးတို့ နှစ် ယောက် စလုံး အံ့အား သင့်သွားကြတော့၏ ။

"ရင်နှစ် ... ရင်နှစ် .... ဒီ ဒီမှာ မထားချင်နေပါ၊ သူ..... သူတို့ဆီကိုတော့ မပို့ပါနဲ့၊ အို..... ရင်..... ရင်နှစ် သွားပါ့မယ်၊ ခုပဲ သွားပါ့မယ်၊ ဟင့်..... ဟင့်..... ဟင့်"

အိပ်ရာပေါ်မှ ငိုရှိုက်ရင်း ရင်နှစ် ဦး ဆင်းလိုက်သည်။

ကိုယ်နှင့် အကျွမ်းတဝင် မဟုတ်သော နေရာဌာန ဖြစ်နေသဖြင့် ရင်နှစ် ဦးသည် ခုတင် နံဘေးရှိ စားပွဲခုံနှင့် တိုက်မိကာ ရှေ့သို့ ဟပ်ထိုးကြီး လဲကျသွားတော့မလို ဖြစ်သွားရာ မှင်တက်မိနေသလို ဖြစ်နေရာမှ သတိဝင်လာသော ဒေါက်တာ စိုးသက်နောင်က ကမန်းကတန်း နောက်မှ လှမ်း ဆွဲဖက်ယူ ထားလိုက်သဖြင့် ကံကောင်း ထောက်မစွာ ပဲ အောက်သို့ မကျသွားခဲ့ခြင်း ဖြစ်သည်။

"အောင်မလေး ဘုရား.... ဘုရား"

ဒေါ်မွှေးက ရင်ဝကို လက်ဖြင့် ဖိကာ မျက်လုံးမျက်ဆန်ပြူး ၍ နေသည်။

"ဟော့..... မင်းဒီလို အရမ်း အရမ်း မလုပ်နဲ့လေ၊ အကျိုး သင့် အကြောင်းသင့် ပြောရင် ရပါတယ်၊ မင်း ကောင်းကောင်း မကျန်းမာဘူး၊ အိပ်ရာပေါ် ပြန်လှဲလိုက်ပါ"

ရင်နှစ် ဦးကို လွှတ်ပေးရင်း စိုးသက်နောင်က ပြောလိုက်သည်။

ရင်နှစ် ဦးသည် ဦးခေါင်းထဲတွင် မူးတူးတူး မိုက်တိုက်တိုက် ဖြစ်နေသဖြင့် ခုတင်ဆီသို့ သွားရန် လက်ကို ဆန့်ထုတ်၍ ဖြည်းညင်းစွာ လှုပ်ရှားလိုက်သည်။

"ဟင်....."

စိုးသက်နောင်၏ မျက်လုံးကြီးများ ပြူး ကျယ်ထွက်သွားပြီး ပါးစပ်ကြီး ဟ သွားသည်။

"အို..... သမီးလေးရယ် ဘယ်လိုများ အ ဖြစ်ဆိုးခဲ့ တာလဲကွယ်"

ဒေါ်မွေးသည် ရင်းနှစ် ဦး၏ ပုခုံးကလေးကို ဖက်ပြီး ရင်ထုမနာ ရှိုလှုဟန်ဖြင့် ပြောလိုက်သည်။

"ရင်နှစ် ..... ရင်နှစ် ..... အကန်းပါ၊ အကန်း တစ်ယောက် ပါ၊ ဒါ..... ဒါကြောင့် ရင်နှစ် ကို ဦးလေးက ရန်..... ရန်ကုန်ပို့ပြီး မျက်မမြင်ကျောင်းမှာ ထားမယ်ဆိုလို့ ထွက်..... ထွက်ပြေးလာခဲ့တာပါ......"

"မြစ်ရိုးအကာအရံ ကျိုး နေတာ မသိလို့ ချောက်..... ချောက်ကမ်းပါးထဲ ကျခဲ့တာပါ......"

"သူတို့...... သူတို့ဆီကိုတော့ ရင်နှစ် ကို ပြန် ပြန်မပို့ကြပါနဲ့နော်..... နော်၊ ဒေါက်တာကြီးရယ်"

အငိုရှိုက်များ ဖြင့် ဗလုံးဗထွေး ရှင်းပြနေသော ချာတိတ်မလေးကို ကြည့်ကာ စိုးသက်နောင်၏ ရင်ထဲတွင် နာကျင်မွန်းကျပ်၍ လာသည်။

အလွန် တုန်လှုပ်ချောက်ချားပုံ ရနေသော မိန်းကလေးအပေါ် သနားဂရုဏာသက်စိတ်များ ကလည်း အတင်းတိုးဝင်လာနေသဖြင့် ဒေါက်တာ စိုးသက်နောင်သည် ပင့်သက်ရှိုက်ရင်း ကောင်မလေး၏ ပခုံးကလေးကို အကြင်နာပေးဟန်ဖြင့် ကိုင်လိုက်မိသည်။

"စိတ်အေးအေးထားပါ ရင်နှစ်၊ မင်းလေးကို တို့စိတ်ချမ်းသာတာ မြင်ချင်ပါတယ်၊ မင်းစိတ်တွေ သိပ်လှုပ်ရှားနေတယ် မင်း ခဏ အိပ်လိုက်ဦးနော်၊ ဟုတ်လား"

ရင်နှစ် က ဦးခေါင်းကလေးကို ဆတ်ခနဲ ညိတ်ပြပြီး မျက်ရည်များ ကို သုတ်လိုက်သည်။

ဒေါက်တာ စိုးသက်နောင်သည် ချာတိတ်ကလေးကို ခုတင်ဆီသို့ တွဲခေါ်သွားခဲ့ပြီး ခုတင်တွင် အိပ်စေကာ စောင်ခြုံပေးလိုက် သည်။

"မင်း တစ်ခုခု စားချင်သလားဟင်၊ မင်း ဘာစားထားပြီးပြီလဲ၊ မင်း ဝမ်းထဲမှာ လဲ လေချည်းပဲ စမ်းမိတယ်"

"ရင်.... ရင်နှစ် ဘာမှ မစားရသေးပါဘူး၊ စိတ်ညစ်လို့ စားလဲမစားချင်ဘူး"

"အို..... မဟုတ်တာဘဲ၊ မစားလို့ ဘယ် ဖြစ်မလဲ နေဦး နေဦး နွားနို့ပူပူကလေးယူခဲ့မယ်"

ဒေါ်မွှေးသည် ကမန်းကတန်း အခန်းထဲမှ ထွက်ခွာသွားခဲ့သည်။

ရင်နှစ် ဦးသည် သူ့ ကိုယ်ပေါ်က စောင်စကို လက်ကလေး နှစ် ဘက်ဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ဦးခေါင်းကလေးဘေးသို့ စောင်း၍ ငြိမ်နေမိ၏ ။

ဒေါက်တာ စိုးသက်နောင်သည် ခုတင် အစွန်းတွင် ထိုင်ပြီး လှပ နနယ်လွန်းသော ချာတိတ်မကလေးကို စေ့စေ့ကြည့်နေမိ၏ ။

မျက်မမြင် ဒုက္ခိတ ဖြစ်နေရရှာသော သူ့ဘဝကလေးက ရင်နာစရာ ကောင်းလွန်းနေသည်။

"ဩော်...... အ ဖြစ်ဆိုးလိုက်တာ ချာတိတ်မလေးရယ်"

"ကဲ..... သမီးလေး...... ထ ဒီနို့ ပူပူကလေး ကုန်အောင်သောက်"

ဒေါ်မွှေးသည် ပြန်ရောက်လာပြီး ရင်နှစ် ဦးကို ပွေ့ထူကာ သူ့လက်ထဲက

နို့ခွက်ကို တိုက်ကျွေးနေ၏ ။

ရင်နှစ် ဦးလည်း ဆာလောင် မွတ်သိပ်လာမှု ကို ခံစားလာရသဖြင့် နို့ခွက်ကို မငြင်းမဆန်ဘဲ ကုန်စင်အောင် သောက်ချပစ်လိုက်သည်။

ဒေါ်မွှေးက လက်သုတ်ပဝါကလေးဖြင့် ရင်နှစ် ဦး၏ ပါးစပ်ကို သုတ်ပေးလိုက် သည်။

"ကျေး....... ကျေးဇူး"

"သမီးကလေး ခုလို မျက်စိမမြင်တာ ကြာပြီလားဟင်"

"ကြာ....... ကြာပါပြီ"

အသံကလေး တိမ်ဝင်စွာ ဖြင့် ရင်နှစ် ဦးက ဖြေရင်း ခေါင်းအုံးပေါ်သို့ လှဲချလိုက်သည်။

"ဘယ် အရွယ်လောက်ကလဲဟင်"

စိုးသက်နောင်က မေးလိုက်သည်။

"ရှစ်နှစ် သမီးလောက်ကတည်းကပါ"

"မင်း မိဘတွေ အဲဒီ တုန်းက မရှိဘူးလား၊ မကုဘူးလား၊ ဘာ ဖြစ်လို့ ခုလို ဖြစ်သွားခဲ့တာလဲ"

"ကား..... ကား မှော က်လို့ပါ၊ မေမေတို့........ ဖေဖေတို့နဲ့ တောင်ကြီး လိုက်တက်ရင်း ကားမှော က်လို့ ဖြစ်သွားတာပါ..........."

"ရင်.... ရင်နှစ် က ကန်းတယ်၊ မေမေနဲ့ ဖေဖေ ကတော့ အဟင့်....... ဟင့်........ ဟင့် ကားမှော က်တဲ့ နေရာမှာ ပဲ သေ......... သေသွားကြတယ်"

"အို......... ဖြစ်ရလေ သမီးလေးရယ်"

ဒေါ်မွှေးက ရင်နှစ် ဦး၏ ဦးခေါင်းလေးကို ပွတ်သပ် နှစ် သိမ့်ရင်း

မျက်ရည်ဝိုင်းနေ၏ ။

ဒေါက်တာ စိုးသက်နောင်၏ ရင်ထဲတွင် လည်း နာကျင်ကျုပ်တည်းနေ၏ ။ ဒေါက်တာ စိုးသက်နောင်သည် သူ့ ဘောင်းဘီ အိတ်ထဲမှ လက်ကိုင်ပဝါကို ထုတ်ယူပြီး၊ ရင်နှစ် ဦး၏ မျက်ရည်များ ကိုလည်း တယုတယ သုတ်ပေးလိုက် မိသည်။

"ဒေါက်တာကြီးရယ် ရင်...... ရင်နှစ် ကို ဦး....... ဦးလေးဆီ ပြန်မပို့ဘူး မဟုတ်လားဟင်"

ရင်နှစ် ဦးက ဒေါက်တာစိုးသက်နောင်၏ လက်ကို ဖမ်းဆုပ်ထားလိုက်ပြီး မျှော်လင့်ချက် ကြီးစွာ ဖြင့် မေးနေရှာ၏ ။

ဒေါက်တာစိုးသက်နောင်၏ လက်ပေါ်သို့ လည်း ရင်နှစ် ဦး၏ မျက်ရည်ပေါက်များ တပေါက်ပေါက် ကျနေ၏ ။

ချာတိတ်မလေးကို ဒေါက်တာ စိုးသက်နောင် အရမ်းသနားသွားသည်။

"ညီမရယ် စိတ်အေးအေးထားပါ၊ ညီမ စိတ်ချမ်းသာအောင် လုပ်ပေးဖို့ တို့ ဆုံးဖြတ်ထားလိုက်ပါ ပြီ"

"ကျေး...... ကျေးဇူးတင်လိုက်တာ၊ အို......... အရမ်း ကျေးဇူးတင်တာပဲ ဒေါက်တာကြီးရယ်"

ရုတ်ခြည်း ကြည်လင် ဝင်းလက်သွားသော မျက်နှာကလေးပေါ်တွင် နက်ရွှန်းနေသော မျက်လုံး လုလုကလေး တစ်စုံသည် လဲ့ပြောင်တောက်ပလာတော့သည်။

"ကဲ....... ကြီးကြီးမွေး၊ သူ့ကို အိပ်ပျော်သွားအောင် သိပ်လိုက်ပါ၊ သူနားပါစေ"

"အေး...... အေး၊ စိုးစိုးအတွက် စားပွဲပေါ်မှာ ထမင်းပွဲအသင့်ရှိတယ် သိလား၊ စားလိုက်နော်"

"ဟုတ်ကဲ့......"

ဒေါက်တာ စိုးသက်နောင်သည် သူ့ဆေးအိတ်ကို ပြန်သိမ်းပြီး ရင်နှစ်ဦးရှိနေသော အိပ်ခန်းမှ ထွက်ခဲ့သည်။

♥ ♥ ♥

# အခန်း(၄)

ဒေါက်တာ စိုးသက်နောင်သည် ဧည့်ခန်းထဲရှိ စားပွဲခုံပေါ်တွင် ဆေးအိတ်ကို ချပြီး ထမင်းစားရန် မသွားဘဲ ဆက်တီစားပွဲတွင် ထိုင်ကာ ဘောင်းဘီအိတ်အတွင်းမှ စီးကရက်ဘူးကို ထုတ်ယူပြီး စီးကရက် တစ်လိပ်ကို ထုတ်ယူလိုက်သည်။

မီးညှိပြီးသော စီးကရက်ကို ဖွာရှိုက်ပြီး မီးခိုးများ ကို နှာခေါင်းပေါက်မှ ဖြည်းညင်းစွာ ပြန်ထုတ်ရင်း စားပွဲခုံပေါ်က အလှပန်းအိုးကို စူးစိုက် ကြည့်နေလိုက်သည်။

သူ့မျက်စိထဲတွင် အမှန်တကယ် မြင်နေရသည်က အလှပန်းအိုးမဟုတ်ဘဲ၊ ဆယ့်လေးနှစ် သမီး အရွယ် ကလေးနှင့် လူ့ဘဝနှင့် ခင်တွယ်သူ အားလုံးကို စွန့်ခွာသွားခဲ့သော တစ်ဦးတည်းသော ချစ်ညီမလေး လင်းသက်နောင်၏ မျက်နှာ နုနုလှလှကလေး ဖြစ်သည်။

“လင်းလင်း..... လင်းလင်း ညီမလေးရယ်၊ ညီမလေး ကိုယ်စား သူလေးကို ကိုကို့ဆီများ ပို့ပေးလိုက် သလားကွယ်..........”

“ကိုကို သူ့ကို တွေ့ရသော ညီမလေးအစား ပြန်ရသလိုခံစားမိလာတယ်၊ သူ့ကို ကိုကိုသနားတယ်၊ သိပ်သနားတယ်ကွာ”

မမျှော်လင့်ဘဲ ကောက်ရလာသော ညီမလေး တစ်ယောက် အတွက် မည် သို့ မည် ပုံ ဆက်လက် ဆောင်ရွက်သွားရမည် ကို ဒေါက်တာ စိုးသက်နောင် စဉ်းစားခန်းဆက်ဝင်နေမိ၏ ။

“စိုးစိုး၊ ကြည့်စမ်း......... ထမင်းမစားဘဲ ဘာလုပ်နေတာလဲ နောက်ကျကုန်တော့မှာ ပဲ”

“သူ အိပ်ပျော်သွားပြီလား ကြီးကြီးမွေး”

“အင်း.... အိပ်ပျော်သွားပြီ၊ မင်း အိပ်ဆေး ထည့်ထိုးထားသလား.........ဟင်စိုးစိုး”

“ထည့်ထားတယ်၊ သူ့နှလုံးခုန်နှုန်းက နည်းနည်း မြန်နေလို့ သူကို ကောင်းကောင်း အနားပေးလိုက် ချင်တယ်လေ၊ ဒါနဲ့သူ ဘာပြောသေးလဲ..........ဟင်”

စိုးသက်နောင်က သူ့အနီးတွင် ရပ်နေသော သူ့ လူယုံတော် ကြီး ဒေါ်မွှေး၏ မျက်နှာကို မော်ကြည့်ကာ မေးလိုက်သည်။

“သူ့ကို သူ့ ဦးလေးဆီ ပြန်မပို့ဖို့သာ တဖွဖွ ပြောရင်း အိပ်ပျော်သွားတာပဲ စိုးစိုး၊ သူ့ကို ကြည့်ရတာ အဲဒီ ကို ပြန်သွားဖို့ အတော် ကြောက်လန့်နေပုံပဲ သနားပါတယ်”

“ဟုတ်တယ်၊ သနားစရာပဲ ကြီးကြီးမွှေး”

“မင်း ဘာလုပ်မယ် စိတ်ကူးသလဲ... ဟင်”

“ကျွန်တော် အဲဒါကိုပဲ ထိုင် စဉ်းစားနေမိတာ”

“အင်း... ဆိုပါဦး”

“သူ့ကို တွေ့ရတော့ ညီမလေး လင်းလင်းကို ကျွန်တော် သိပ် သတိရသွားမိတယ်”

ဒေါ်မွှေး၏ မျက်နှာလည်းညှိုး ခနဲ ဖြစ်သွားသည်။

“မင်းတင်လားကွယ်၊ ကြီးကြီးမွှေးလဲ ဒီအတိုင်းပါပဲ၊ လင်းလင်းကို သတိရတာ မှ ရင်ထဲကို ဆို့လာတာပဲ”

“ကျွန်တော် သူ့ကို ခေါ်ထားလိုက်တော့မယ်လို့ စိတ်ဆုံးဖြတ်လိုက်ပြီ”

“အို...... ဖြစ်ပါ့မလားကွယ်၊ သူ့ဘက်က ကာယကံရှင်တွေ က သဘောတူပါ့မလားလို့”

“မတူ တူအောင် ပြောရတော့မှာ ပဲ သံယောဇဉ် ဖြစ်သွားပြီ၊ သူစိတ်မချမ်းမသာ ဖြစ်တာ မမြင်ချင်တော့ဘူး”

ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ချပြီး ဟန်ဖြင့် စိုးသက်နောင်က ပြောလိုက်သည်။

ဘဝရေစက်ကြောင့် ပဲ ထင်ပါရဲ့ ။ သည်ကလေးမကလေးကို မြင်မြင်ချင်း သံယောဇဉ်ကြိုး တွယ်နှောင် သွားမိသော ဒေါ်မွှေးသည် ဒေါက်တာ စိုးသက်နောင်၏ ဆုံးဖြတ်ချက်ကို ဝမ်းပန်းတသာ ရှိမိသွား၏ ။

"ကြီးကြီးမွှေး"

"ပြောပါ စိုးစိုး"

"ကြီးကြီးမွှေး သူနဲ့အတူ အိပ်ပြီး သူ့ကို ဂရုစိုက်လိုက်ပါ၊ မနက်ကျမှပဲ အေးအေး ဆေးဆေး သူ့ဆီက စကားတွေ ပြန်တီးခေါက်ပြီးမှ သူနဲ့ပတ်သက်တဲ့ လူတွေ ဆီကို ကျွန်တော် သွားတွေ့မယ်"

"သူတို့က ပေးပါ့မလားကွယ်"

စိုးရိမ်ကြီးစွာ ဖြင့် ဒေါ်မွှေးက ပြောလိုက်သည်။

"ဒါ ကတော့ ပေးချင်အောင် ပြောရမှာ ပေါ့၊ သူတို့မကြည့်နိုင် မရှုနိုင်လို့ပဲ ရန်ကုန်ပို့ပစ်ဖို့ စီစဉ်ခဲ့ကြပြီ မဟုတ်လား၊ ကျွန်တော် သူ့ကို မွေးစားလိုက်ရင် သူတို့အတွက် ဝန်ထုပ်တောင် ပိုပေါ့သွားဦးမှာ ပါ၊ မပူပါနဲ့ ကြီးကြီးမွှေးရဲ့ "

"ကဲ....... ကဲ ထမင်းစာချိန် လွန်နေပြီ စားလိုက်ဦး စိုးစိုး"

စိုးသက်နောင်လည်း သူ့ လက်ထဲက စီးကရက်တိုကို ပြာခွက်ထဲသို့ ထိုးခြေပြီး ထိုင်ရာမှ ထ လိုက်သည်။

ဒေါက်တာ စိုက်သက်နောင်သည် သူ့ ညီမလေး လင်းလင်းကိုသာ မျက်စိထဲတွင် မြင်ယောင်နေသဖြင့် ထမင်းကို တို့ကနန်းဆိတ်ကနန်းသာ စားနိုင်ပြီး ထမင်းစားပွဲမှ ထလိုက်သည်။

ကြီးကြီးမွှေး တစ်ယောက် ထမင်းပွဲကို သိမ်းနေစဉ် သူသည် ရင်နှစ် ဦး အိပ်နေသော အိပ်ခန်းဝဆီသို့ သွားကာ အခန်းဆီးစကလေးကို လက်ဖြင့် သိမ်း၍ အထဲသို့

ကြည့်လိုက်မိသည်။

“ဟင်.......”

လင်းလင်းကို သူ နိုင်ငံခြားက အပြန် ဝယ်လာခဲ့သော ညဝတ်အင်္ကျီပန်းရောင်ကလေးကို ဝတ်ဆင်လျက် ရင်နှစ် ဦးသည် ဦးခေါင်းကလေး တစ်သို့ စောင်းကာ နှစ် နှစ် ဖြိုက်ဖြိုက်ကြီး အိပ်မောကျနေသည်ကို တွေ့လိုက်ရသည်။

ဆွေးမြည့် ကြေကွဲနေဟန် ရှိလှသော မျက်လုံးများ ဖြင့် သူသည် ရင်နှစ် ဦး၏ အပြစ်ကင်းစင်သော မျက်နှာကလေးကို မလှုပ်မယှက် ကြည့်နေမိခဲ့၏ ။

“စိုးစိုး......”

“ဟင်.......”

ကျောကြီး တွန့်ခနဲ ဖြစ်သွားပြီး ဒေါက်တာစိုးသက်နောင်သည် သူ့ ဘေးကို ချာခနဲ ကြည့်လိုက်သည်။

“ကြီးကြီးမွှေးကို စိတ်မဆိုးနဲ့နော်၊ သူ့ အဝတ်အစားတွေ ပေနေလို့ လင်းလင်းရဲ့ အင်္ကျီကလေးကို ပေးဝတ်ထားလိုက်တာပါ”

“သိမ်းထားတဲ့ လင်းလင်း အဝတ်အစားတွေ သူ့ကို အားလုံး ပေးဝတ်နိုင်ပါတယ် ကြီးကြီးမွှေး”

ဒေါက်တာ စိုးသက်နောင်သည် သူ့စကားအဆုံးတွင် ရပ်နေရာမှ ချာခနဲလှည့်ထွက်သွားတော့ သည်။

*

“ရင်နှစ် ဦး၊ လာစမ်း၊ နင် ဒီလို အိမ်ကထွက်ပြေးလို့ ရရောတဲ့လား၊ လာ.....အိမ်ပြန်လိုက်ခဲ့”

“အောင်မယ်လေး”

ရင်နှစ် ဦး၏ နားထဲသို့ ဦးလေး ဖြစ်သူ၏ အသံကြီးသည် ကြောက်မက်ဖွယ်ရာ ဝင်ရောက်လာ၏ ။

တုန်လှုပ်ချောက်ချားစွာ ဖြင့် ရင်နှစ် ဦး အိပ်ရာပေါ်မှ လူးလဲ ထ လိုက်သည်။

"လေးလေး.......လေးလေးသာ၊ အောင်မယ်လေး လွှတ်ပါ မလိုက်ဘူး..........မလိုက်ဘူး၊ ရန်ကုန်ကိုလဲ မသွားနိုင်ဘူး၊ ဒေါက်တာကြီးရေ၊ ကြီးကြီးမွှေးရေ ရင်နှစ် ကို ကယ်ပါဦး..........ကယ်ပါဦး၊ အဟင့်.........ဟင့် ဟီး"

"သမီး........သမီးလေး........ရင်နှစ် ဦး"

ဒေါ်မွှေးက ရင်နှစ် ဦး၏ ကိုယ်လုံးကလေးကို ဖက်ကာ လှုပ်နှိုးလိုက်သည်။

ဒေါက်တာ စိုးသက်နောင်လည်း ရင်နှစ် ဦး၏ အထိတ်တလန့် အော်သံများ ကြောင့် ရင်နှစ် ဦး ရှိနေသည့် အခန်းထဲသို့ လျှင်မြန်စွာ ရောက်ရှိလာခဲ့သည်။

ချွေးသီးချွေးပေါက်တွေ ကျ၍ ထိတ်လန့် တုန်လှုပ်နေသော ရင်နှစ် ဦး၏ ပခုံးကလေးကို ဖက်၍ ခုတင်စွန်းတွင် သူ ထိုင်လိုက်မိသည်။

"ရင်နှစ် အိမ်မက်ဆိုးကြီး မက်နေတယ် ထင်တယ်၊ ရင်နှစ် ကိုယ်တို့ အိမ်မှာ ပါ၊ ဒီမှာ ရင်နှစ် ရဲ့ ဦးလေး ရှိမနေပါဘူးကွယ်"

ပိုးပိုးပေါက်ပေါက် ကျလာနေသော မျက်ရည်တွေ ကို တယုတယ သုတ်ပေးရင်း ဒေါက်တာ စိုးသက်နောင်က နှစ် သိမ့်စကားတွေ ပြောလိုက်သည်။

"ဟုတ်ပါတယ် ကလေးရယ်၊ ကလေးစိတ်ချမ်းသာအောင် နေပါ၊ ကလေးကို ကလေး ဆန္ဒမပါဘဲ ဘယ်ကိုမှ ကြီးကြီးမွှေးတို့ မပို့ဘူး၊ မလွှတ်ဘူး၊ အဲဒီ အတွက် စိတ်အေးအေးထားနော်"

"ဟုတ်.......ဟုတ်ကဲ့"

"ကြီးကြီးမွှေး သူ့ကို ရေနည်းနည်း တိုက်လိုက်ပါ"

"အေး....... အေး"

ဒေါ်မွေးသည် ရေတကောင်းထဲမှ ရေ တစ်ခွက်ကို ငုံ့ယူပြီး ရင်နှစ် ဦးကို တိုက်လိုက်သည်။

"တော် ပြီ"

သုံးလေး ကျိုက်မျှသာ ရင်နှစ် ဦးက သောက်လိုက်၏

"ဘယ်နှစ် နာရီ ရှိပြီလဲဟင်"

"ခုနကမှ သုံးနာရီ ထိုးသွားတာ ကလေးရဲ့ "

"ဩော်"

"ကလေး ဘာလုပ်ချင်လို့လဲ"

"ဘာမှ မလုပ်ချင်ပါဘူး၊ မေးကြည့်တာပါ"

"မင်း ပြန်အိပ်လိုက်ဦး၊ အိပ်ရာ ထဖို့ အစောကြီးရှိသေးတယ်"

"ရင်.......ရင်နှစ် မအိပ်ချင်တော့ဘူး ဒေါက်တာကြီးရယ်"

"ဘာ ဖြစ်လို့လဲ"

"အိပ်လို့ ပျော်မှာ မှ မဟုတ်တာ"

"မင်း ဘာတွေ ကို စိုးရိမ်နေသလဲ၊ သိပ်ကြောက်သလဲဟင် ရင်နှစ် "

ရင်နှစ် ဦး၏ ညှိုး ငယ်လွန်းလှသော မျက်နှာကလေးကို စေ့စေ့ကြည့်ရင်း ဒေါက်တာ စိုးသက်နောင်က မေးလိုက်သည်။

"ရင်နှစ် ကို........ ရင်နှစ် ကို လေးလေးတို့ ပြန်တွေ ့ရင် အတင်းပြန်ခေါ်သွားကြမှာ ၊ ကြောက်........ ကြောက်လို့ပါ"

"ဩော်......... ကလေးရယ်၊ ပြန်မခေါ်အောင် ကြီးကြီးမွေးတို့က

ရအောင်ပြောပေးမှာ ပါ”

“ဟုတ်တယ်……… ရင်နှစ် ဆန္ဒမပါဘဲ သူတို့ ပြန်မခေါ်နိုင်ပါဘူး၊ သူတို့ပြဿနာကို ကိုယ် ဖြေရှင်းပေးမယ်၊ ရင်နှစ် သာ စိတ်ချမ်းသာအောင် နေပါ၊ ကဲ……….. သက် သောင့်သက်သာနေ”

ဒေါက်တာ စိုးသက်နောင်က ရင်နှစ် ဦးကို ခေါင်းအုံးပေါ်သို့ ပြန်ချပေးလိုက်သည်။

ရင်နှစ် ဦးသည် မျက်ရည်တွေ လည်ရွဲနေသော မျက်လုံးများ ဖြင့် မျက်နှာကြက်ဆီသို့ ကြည့်၍ နေ၏ ။

လက်ကလေး နှစ် ဘက်ကလည်း သူ့ ရင်ဘတ်ပေါ်တွင် ရောက်ရှိနေသော ခြုံစောင် ကလေးကို တအားဆွဲစု ဆုပ်ကိုင်၍ ထားနေသည်။

“အိပ်လိုက်ပါလား ဟင်…… ညီမ”

ဒေါက်တာ စိုးသက်နောင်က ပိုးသားကဲ့သို့ နူးညံ့လှသော ဆံပင် ကလေးများ ဖြင့် မည် းနက်နေသည့် ရင်နှစ် ဦး၏ ဦးခေါင်းကလေးကို သပ်ပေးရင်း ရင်တွင် သနားဂရုဏာ အပြည့်ဖြင့် ပြောလိုက်သည်။

“ရင်နှစ် အိပ်မပျော်တော့ဘူး ဒေါက်တာကြီးရယ်၊ ဒေါက်တာကြီးတို့သာ သွားအိပ်ပါ၊ ရင်နှစ် က ဒုက္ခလာပေးသလို ဖြစ်နေပြီ”

ဝမ်းနည်းသံ တုန်တုန်ယင်ယင် ကလေးဖြင့် ပြောနေသော ရင်နှစ် ဦး အသွင်က သနားဖွယ်ရာ။

“ဒုက္ခပေးတယ်လို့ မထင်ပါဘူးကွာ၊ တို့အတွက် ဆုံးရှုံးသွားခဲ့တဲ့ ညီမလေးအစားမင်းကို ကောက်ရ လိုက်သလိုပဲ ထင်ပြီး တို့နဲ့ ကြီးကြီးမွှေး သိပ်ဝမ်းသာနေမိကြတယ်”

“သြော်……… ဒေါက်တာကြီးမှာ ညီမလေး ရှိဖူးတယ်လား၊ သူ……. သူ……… ဘာ ဖြစ်သွားလို့ လဲဟင်”

"သူ....... အရွယ်ကောင်း ကလေးမှာ မမာမကျန်း ဖြစ်ပြီး ဆုံးသွားရှာတယ်၊ တို့ ညီမလေးကို တို့ သိပ်ချစ်တယ်၊ တစ်နေ့မှလဲ မေ့မရခဲ့ဘူး"

"ဒီလောကကြီးမှာ ဖြစ်ပျက်နေတာတွေ ဟာ မတရားဘူးနော်၊ ဒေါက်တာကြီးကို ကျတော့ ဒေါက်တာကြီးရဲ့ ညီမလေးနဲ့ ခွဲပစ်ခဲ့တယ်၊ ရင်နှစ် ကို......... ရင်နှစ် ကိုကျတော့ ဖေဖေ၊ မေမေ တို့နဲ့ ခွဲပစ်ရုံမကဘူး တစ်သက်လုံး လူလုံးမလှအောင် မျက်စိကိုပါ ကန်းစေခဲ့တယ်........."

"ပြီးတော့........ ပြီးတော့......... ရင်နှစ် အားကိုး အားထားရာ ပြုနေရတဲ့ ဘွားဝါကိုလည်း သေမင်းက ထပ်ခေါ်တယ်၊ အို ရင်နှစ် အတွက် ကတော့ ကံဆိုးမ သွားရာ မိုးလိုက်လို့ရွာဆိုသလိုပါပဲ....."

"ခုလဲ ကြည့်လေ၊ လေးလေးသာက ရင်နှစ် ကို ဆက်ပြီး တာဝန်ယူထားရာက သူ့မိန်းမက မကြည်လို့ မျက်မမြင်ကျောင်းပို့တော့မယ်"

"ရင်နှစ် ဘဝက ဒီလောကကြီးထဲမှာ နေချင်စရာတောင် မကောင်းတော့ပါဘူး ဒေါက်တာကြီးရယ်....."

"အရင်က နေချင်စရာ မကောင်းပေမယ့်၊ ခု နေချင်စရာကောင်းရမယ်၊ မင်းကို တို့ ညီမလေး အ ဖြစ် မွေးစားဖို့ ဆုံးဖြတ်လိုက်ပြီ............

"မင်းကို မလိုချင်တဲ့ မင်း ဦးလေးဆီကို တို့ မနက်သွားတွေ့မယ်၊ မင်းဘဝမှာ မင်းအတွက် အကောင်းဆုံး ဖြစ်လာမယ့် နေ့တွေ ကို တို့ ဖြစ်လာအောင် ဆောင်ရွက်ပေးမယ်.........."

"ရင်နှစ် .......... ရင်နှစ် မျက်စိတွေ ပြန်ကောင်းလာအောင်ကော ကုပေးမှာ လားဟင် ဒေါက်တာကြီး"

ရင်နှစ် ဦးက ဒေါက်တာ စိုးသက်နောင်၏ လက်ကို ဆွဲယူက သူ့လက်ကလေးဖြင့် တအား ဆုပ်ကိုင်ထားရင်း မျှော်လင့်ချက် ကြီးစွာ ထားရှိဟန်ဖြင့် မေးလိုက်သည်။

"ဒီကိစ္စက ထိပ်ဆုံးက ပါတာပေါ့ ညီမရယ်"

"အို...... ဝမ်းသာလိုက်တာ....... ဝမ်းသာလိုက်တာ၊ ရင်နှစ် အတွက် ဒီနေ့ ဒီအချိန်ဟာ ဝမ်းသာရဆုံးအချိန်ပါ"

ရင်နှစ် ဦးသည် ဒေါက်တာ စိုးသက်နောင်၏ လက်ကို သူ့လက်ကလေးများ ဖြင့် ပွတ်သပ်ရင်း အလွန်ရွှင်လန်းကြည်လင်သော မျက်နှာကလေးဖြင့် ပြောလိုက်သည်။

"ကဲ..... ဆိုပါဦး ညီမ ဦးလေး နာမည် က ဘယ်သူလဲ၊ သူက ဘယ်မှာ နေသလဲဟင်"

"ဦးလေးနာမည် က ဦးသာဦးတဲ့၊ သူ့မိန်းမ နာမည် က ဒေါ်ခင်သစ်တဲ့၊ ဒီကမ်းနားလမ်း အိမ်အမှတ်(.......)မှာ နေတယ်၊ ရင်နှစ် ဦးရဲ့ ဦးလေးအိမ်လို့ မေးရင် ကမ်းနား တစ်လျှောက် ကလေးက အစ သိကြပါတယ်"

"ညီမနာမည် က ရင်နှစ် ဦးတဲ့လား"

"ဟုတ်ပါတယ်၊ မေမေနဲ့ ဖေဖေက အသက်ကြီးမှ အိမ်ထောင်ကျပြီး ရင်နှစ် တစ်ဦးတည်းကို မွေးခဲ့လို့ ရင်နှစ် ဦးလို့ ချစ်စနိုး အမည် ပေးခဲ့ကြတာလို့ ဘွားဝါက အမြဲပြောလေ့ရှိတယ်..........

"ရင်နှစ် လဲ မှတ်မိပါတယ်၊ ဖေကြီးနဲ့မေကြီးက စီးပွားရေး ကိစ္စ ခရီးထွက်ရင်တောင် ရင်နှစ် ကို ဘယ်တော့မှ အိမ်မှာ မထားပစ်ခဲ့ကြဘူး၊ သွားလေရာရာ ရင်နှစ် သူတို့နောက်လိုက်ရတယ်..........

"ဘွားဝါဆိုရင် သိပ် စိတ်ဆိုးတာပဲ၊ မေကြီးကို အမြဲပြောတယ်၊ ငါ့မြေးကို ငါနဲ့စိတ်မချရအောင် ငါက နင့် မိထွေးမို့လို့လားတဲ့"

ရင်နှစ် ဦး အသည်းစွဲအောင် မှတ်မိနေသည်။

သေရာပါအောင်လည်း မှတ်မိနေမည့် နေ့တစ်နေ့ကို............

♥ ♥ ♥

"ဟဲ့.....ခင်လေး၊ ငါ့မြေးကလေး ခုမှ သေတွင်းက ထပြီး နာလန်ထူခါစပဲ ရှိသေးတယ်၊ ညည်းတို့ လင်မယား သွားချင်ရာ သွားကြပါ အေ၊ သူ့ကို ငါ ကြည့်ထားပါ့မယ် စိတ်မချစရာ ဘာမှ မရှိဘူး"

"အိမ်က ကိစ္စတွေ ကို ထားမေ လာကြည့် ပြုလုပ်ပေးမှာ ပါ၊ ညည်းတို့နောက် ငါ့မြေးကို ခေါ်မ သွားပါနဲ့၊ ငါ တောင်းပန်ပါတယ်"

ရင်နှစ် ဦး၏ အဝတ်အထည် အသုံးအဆောင်များ ကိုပါ ခရီးဆောင် အိတ်ကြီးထဲ ထည့်သိုနေသော သမီး ဖြစ်သူ၏ အနီးသို့ မိခင်ဒေါ်ဝါသည် ရောက်ရှိလာကာ ပါးစပ်က တပေါက်ပေါက် ပြောဆိုနေသော် လည်း ခင်လေးမာ၏ လက်များ ကတော့ လက်ဆွဲအိတ်ကြီးထဲသို့ ထည့်စရာရှိသည် များ ကို ထည့်သိုလျက်ဆဲ ရှိနေသည်။

"မေမေရယ်.......... သမီးလေးကို ထားမပစ်ခဲ့ချင်လို့ပါ၊ ဒီလိုပဲ သားအမိ သားအဖ သုံးယောက် သွားနေကျဥစ္စာပဲ၊ ခု သမီး ရင်နှစ် လည်း ကောင်းနေပြီ ဥစ္စာ"

မိခင် ဖြစ်သူ အတန်တန် တားနေသည့် ကြားကပင် ခင်လေးမာနှင့် ခင်ပွန်းသည် ဦးမြသိန်းတို့ သည် သမီး ကလေး ရင်နှစ် ဦးကိုအပါခေါ်ကာ လက်ဖက်ပွဲရုံ ကိစ္စ အတွက် တောင်ကြီးမြို့ သို့ ထွက်ခဲ့ကြသည်။

တားမရသည့် သမီး၊ သမက်နှင့် မြေးမကလေးအတွက် ဘုရားရှိခိုး မေတ္တာပို့ ဆွမ်းပန်း ဆီမီး ရေချမ်းတွေ လှူနှင့် ဒေါ်ဝါမှာ တစ်ယောက် တည်း အလုပ်တွေ ရှုပ် စိတ်တွေ ထင့်ကာ ဗျာများ နေစဉ် ဟို သားအမိ သားအဖ တစ်တွေ ကတော့ ပျော်မဆုံး၊ မော်မဆုံး ခရီးထွက်ခဲ့ကြသည်။

ခရီးထွက်သူတွေ မှာ စိတ်လက်ကြည်လင်ပြီး မည် သို့ မျှသော နိမိတ်လက္ခဏာတွေ မတွေ့မ ဖြစ် ရှိကြသော် လည်း အိမ်တွင် ကျန်ရစ်သော မိခင်အိုကြီးမှာ

တော့ မျက်ခမ်းတွေ လှုပ် မမြင်မက်အံ့သော အိမ်မက်တွေ မြင်မက်နှင့် နိမိတ် လက္ခဏာတွေ က ထူးခြား၍ နေ၏ ။

သူတို့ ခရီးထွက်ပြီး နှစ် ရက်မကြာခင် ဒေါ်ဝါ၏ အိမ်နီးချင်းခေါင်းရင်း အိမ်သို့ တောင်ကြီးမှ ဖုန်းရောက်လာသည်။

ခင်လေးတို့ ကားမှော က်လို့တဲ့၊ ခင်လေးမာတို့ လင်မယား နှစ် ယောက် စလုံး ပွဲချင်းပြီး သေဆုံးပြီး၊ သမီးကလေး ရင်နှစ် ဦး ဆေးရုံတွင် အရေး ပေါ်ခန်း၌ ရှိနေသည်တဲ့။

ဒေါ်ဝါအတွက် ကမ္ဘာကြီး ပြိုပျက်သွားသည် ကဲ့သို့ ခံစားလိုက်ရသည်။

အခြေအနေ တစ်ခုလုံးကိုလည်း ခံနိုင်ရည်စွမ်းမရှိသဖြင့် မတ်တက်က မူးမေ့ လဲကျသည်အထိ ဖြစ်ခဲ့ရ၏ ။

ပူပူနွေးနွေး အိမ်ထောင်ကျစ ဖြစ်သော သားနှင့် ချွေးမကို အရခေါ်ပြီး ဒေါ်ဝါ တစ်ယောက် သော ကမီးကြီး လောင်မြိုက်စွာ ဖြင့် တောင်ကြီးသို့ ရောက်ခဲ့သည်။

ရုပ်လုံး မလုတော့သော သမီးနှင့် သမက်ကို မြင်ခွင့်မရဘဲ ချက်ချင်း သဂြိုဟ်ပြီးသည့်နောက်တွင် ဒေါ်ဝါသည် မြေးချစ်ကလေး ရှိနေသော မှန်ခန်း အပြင်ဘက်မှ တစ်ဖဝါးမှ မခွာဘဲ နေခဲ့ရှာသည်။

သတိမေ့မြောနေသော မြေးချစ်ကလေး ဘုရားဂုဏ် ကျေးဇူးတော် ကြောင့် သတိ ပြန်ရလာ သော အခါ ဒေါ်ဝါမှာ ဝမ်းသာမဆုံး ဖြစ်ခဲ့ရသည်။

ဆရာဝန်ကြီးတွေ က ရင်နှစ် ကလေးနှင့် စကားပြောဆိုပြီးကြသည့်နောက်တွင် သူ့ကို မခေါ်ဘဲ သားကြီးသာဦးကို ခေါ်ကာ အခန်း တစ်ခုထဲတွင် စကားပြောဆိုနေကြသဖြင့် ဒေါ်ဝါမှာ မချင့်မရဲကြီး ဖြစ်၍ နေရရှာသည်။

အချိန်အတန်ကြာသော အခါ မျက်စိမျက်နှာ မကောင်းလှစွာ ဖြင့် သား ဖြစ်သူ သာဦး ဒေါ်ဝါထံသို့ ရောက်ရှိလာသည်။

"သားရယ်၊ ဘာတွေ ဖြစ်နေတာလဲ အမေ့ကို ပြောစမ်း၊ မကွယ်မဝှက် ပြောစမ်း၊

အမေ့ ရင်တွေ ပူလှုပြီ၊ ငါ့ မြေးကလေးကို ဘာတဲ့တုံး ဟင်”

“အမေ စိတ်ကို လျှော့ချပြီး နားထောင်ပါ၊ အမေ ကျန်းကျန်းမာမာ ရှိမှ အမေ့ မြေးကလေးကို အမေ ကြည့်နိုင်မှာ ၊ အမေ့ စိတ်ကို အမေ နိုင်တယ်ဆိုမှ သား ပြောစရာ ရှိတာကို ပြောမယ်”

“ရင်နှစ် ဦးလေး ကံဆိုးရှာတယ် အမေ၊ ကားမှော က်တဲ့ ဒဏ်ရာကြောင့် မျက်စိ ကွယ်သွားရှာတယ်”

“အောင်မယ်လေး..........”

“အမေ.........အမေ သတိထားလေ အမေရဲ့ ၊ အမေ့ကို သားပြောခဲ့တယ် မဟုတ်လား၊ အမေ့ပေါ်မှာ ကလေး ဘဝက တည်နေတယ်၊ အမေ ကျန်းမာမှ ဖြစ်မယ်လို့၊ အမေ......အမေ ကျွန်တော် ပြောတာ ကြားလားဟင်”

မျက်စိကို တင်းကျပ်စွာ မှိတ်၍ ရင်ဘတ်ကို လက်ဖြင့် အတင်း ဖိထားနေသော မိခင် ဖြစ်သူ၏ ပခုံးကို လှုပ်ကိုင်ကာ သာဦးက ပြောလိုက်သည်။

ဒေါ်ဝါသည် လွတ်ထွက်သွားသော စိတ်ကို ပြန်လည် ထိန်းချုပ်လိုက်သည့်တိုင် မျက်ရည်တွေ က အဆက်မပြတ် မျက်လုံးအိမ် နှစ် ဘက်မှ စီးကျနေ၏ ။

“အမေ့ စိတ်ကို ထိန်းပါ့မယ် သားကြီးရယ်”

“ဒါဆို လာ အမေ၊ ကလေးက အမေ့ကို သိပ်တွေ့ချင်နေတယ်၊ ကလေးရှေ့မှာ စကားပြောတော့ ဆင်ခြင်ပါ”

“အေး.......အေးပါကွယ်”

ကိုသာဦးက မိခင် ဖြစ်သူကို ရင်နှစ် ဦးရှိရာ အခန်းထဲသို့ ခေါ်ဆောင်သွားလိုက်သည်။

“သမီး..........သမီးလေး ရင်နှစ် ”

“ဘွားး.......ဘွားဝါ”

ရင်နှစ် ဦးက လက်လေး တယမ်းယမ်းဖြင့် အဘွား ဖြစ်သူကို စမ်းလိုက်သည်။

ဘွားဝါက မြေး ဖြစ်သူကို ပွေ့ယူ၍ သူ့ ရင်ခွင်ထဲတွင် ဖက်ထားလိုက်သည်။

“ဘွားဝါရယ်.......... ဖေကြီးတို့မေကြီးတို့လဲ သေကုန်ကြပြီ၊ မီး မျက်လုံးတွေ မမြင်ရတော့ဘူး၊ ဘွားဝါ မျက်နှာကို ဘယ်တော့မှ တွေ့ ရတော့မှာ မဟုတ်ဘူး........ အဟင့်......... ဟင့် ဟီး”

“အို...... ကလေးရယ် မငိုပါနဲ့၊ ကလေး မျက်လုံးတွေ က ဒဏ်ရာပြင်းပြင်း ရခဲ့လို့ ခဏ ကွယ်သွား တာပါ၊ ဆရာဝန်ကြီးတွေ က ကုရင် ပျောက်နိုင်ပါတယ်လို့ ဘွားဝါကို ပြောပြီးသားပါကွယ်”

“သူတို့ ညာတာပါ၊ ဖေကြီးနဲ့မေကြီးကိုလဲ ရှိတယ်၊ ဟိုဘက်ခန်းမှာ လို့ ညာပြောတယ်”

“မဟုတ်ပါဘူးကလေးရယ်၊ သမီး ဖေကြီးနဲ့မေကြီး ဟိုဘက်ခန်းမှာ ရှိပါတယ်၊ သမီး နေကောင်းရင် တွေ့ရမှာ ပါ”

“မရှိပါဘူး၊ သူတို့ သူတို့ သေသွားတာ သမီး သိတယ်၊ မီး....... မီး ကားလမ်းချော်ပြီး ကျသွားပြီး တစ်ချက် ပြန်သတိရတယ်၊ မီး မှတ်မိတယ်၊ မီးတို့ ကားထဲမှာ ပါတဲ့ ဦးလေးကြီး ဘိုးမှတ်ရဲ့ အသံကို သေသေချာချာ ကြားရတယ်............

“ကလေး အမေနဲ့အဖေတော့ သေရှာပြီတဲ့၊ ကား တစ်ခုလုံးမှာ ကလေးဆိုလို့ မီး တစ်ယောက် တည်း ပါတာ၊ မီးမီးခေါင်းတွေ မူးနေပေမယ့် အားလုံးသိတယ်၊ အားလုံးသိတယ် အီး....... ဟီး..... ဟီး”

အင်မတန် သတိဝီရိယ ရှိပြီး မှတ်ဉာဏ် အလွန်ကောင်းလွန်းလှသော မြေးကလေးမို့ ဒေါ်ဝါသည် အားရသည်အထိ သူငိုသည်ကို ရင်နာနာဖြင့် ကြည့်နေ လိုက်ရတော့သည်။

စဉ်းစားလိုက်တိုင်း ထိုနေ့က အ ဖြစ်အပျက်များ သည် ရင်နှစ် ဦး၏ အသိဉာဏ်ထဲ ကွင်းကွင်း ကွက်ကွက်ကြီး မြင်လာရသည်သာ..........

ကားထဲမှ ကစဉ့်ကလျား လွင့်ကျ သွားကြသူများ ၏ အ ဖြစ်ဆိုးကို သူ့စိတ်အာရုံတွင် စွဲထင်၍ နေသည်။

♥ ♥ ♥

"အဟင့်....... ဟင့်........ ဟင့်"

"ရင်နှစ် ၊ ကလေးရယ်"

အင်မတန် စိတ်ဓာတ်နူးညံ့လှသော ဒေါ်မွှေးက ရင်နှစ် ဦးကို သူ့ရင်ခွင်တွင် ပွေ့ယူ ထွေးပိုက် ထားလိုက်သည်။

သည် ချာတိတ်မလေးအပေါ် ကရုဏာ စိတ်တွေ တသိမ့်သိမ့် ယိုဖိတ်စွာ ဖြင့် ဒေါက်တာ စိုးသက်နောင်က စိုက်ကြည့်နေ၏

"ရင်နှစ် အ ဖြစ်က ဆိုးလွန်းပါတယ်၊ ဘွားဝါ ရှိတုန်းက ရင်နှစ် တစ်ချက်ကလေးမှ လှုပ်ခွင့်မရဘဲ အရိပ် တကြည့်ကြည့်နေခဲ့ရသလောက် ဘွားဝါလည်း ဆုံးရော ရင်နှစ် ကို...... ရင်နှစ် ကို လေးလေးသာရဲ့ မိန်းမက လေးလေးသာ ရှေ့ကျတော့တစ်မျိုး နောက်ကွယ်ကျတော့ တစ်မျိုး ဆက်ဆံခဲ့တယ်..........

"ခ....... ခကျတော့ ရင်နှစ် ကို ကြည့်ထားရတာ သူတို့အတွက် တာဝန်ပိုတယ်ဆိုပြီး မျက်....... မျက်မမြင်ကျောင်းကို ပို့ပစ်တော့ မလို့တဲ့၊ ဒါ........ ဒါ သူ အကြံကြီးတာ၊ သူ သူက ဘွားဝါရဲ့ အမွေတွေ ကိုလည်း အပိုင်စီးချင်တာ တစ်ယောက် တည်း အပိုင် စီးပစ်ချင်တာ ရင်နှစ် သိတာပေါ့.......

"ဒါ......... လေးလေးသာလဲ မကောင်းလို့ ဖြစ်ရတာ ၊ ဘွားဝါမဆုံးခင်

လေးလေးသာလက်ကို ရင်နှစ် ကို အပ်ပြီးတော့ ကတိတွေ အထပ်ထပ် တောင်းခဲ့တယ်၊ ရင်နှစ် ကို တစ်သက်လုံး သမီးကလေး အရင်းလို သဘောထားပြီး စိတ်ချမ်းသာအောင် ထားရမယ်၊ လိုလေးသေး မရှိအောင် ကြည့်ရမယ်လို့...

"ခု.......... ခုတော့ ဒီကတိတွေ ဘွားဝါကို ပေးခဲ့တာ သူ့ မိန်းမကြီး လီဆယ်တာနဲ့ မေ့ ကုန်ပြီလေ၊ ဒါ....... ဒါကြောင့် ရင်နှစ် လဲ ဒုက္ခလှလှ တွေ .........တွေ ့ရတော့တာပေါ့"

"ဟာ........ အဲလို မတွေးနဲ့လေ၊ ဒေါ်ခင်သစ်ကိုတောင် ရင်နှစ် က ကျေးဇူးတင်ရဦးမှာ ဗျ"

"ဟွန်း......... ဒီ အယုတ်မကြီးကို ကျေးဇူးတင်ရမယ်.......... ဟုတ်လား၊ လုံးဝပဲ"

ဒေါ်ဖောင်းသွားသော ရင်နှစ် ဦး၏ မျက်နှာကလေးသည်ရုတ်ခြည်း စူပုပ်သွား၏ ။

သူ့ အမူအရာကလေးက ချစ်စရာပင် ကောင်းသေးတော့။

ကြည့်ရှင်နေသော ဒေါက်တာ စိုးသက်နောင်ကို ကြည့်ကာ ဒေါ်မွှေး ကိုယ်တိုင်ကလည်း အံ့အား သင့်နေသည်။

"ဟုတ်တယ်.......... အဲဒီ မိန်းမကြီးကသာ ရင်နှစ် ကို ကြည်ကြည်ဖြူဖြူ ဆက်ကြည့် ထားနေရင် ရင်နှစ် လဲ အိမ်က ထွက်ပြေး ဖြစ်မှာ မဟုတ်ဘူး၊ ကိုယ်တို့နဲ့လဲ ရင်နှစ် ခုလို ဆုံလာနိုင်စရာ အကြောင်း ရှိလာနိုင်မှာ မဟုတ်ဘူး၊ ဟုတ်တယ် မဟုတ်လား ဒေါ်ဒေါ်မွှေး......... ဟင်"

"အင်း........... ဟုတ်ပါ့တော် "

ရင်နှစ် ဦး၏ စူပုပ်နေသော မျက်နှာကလေးရုတ်ခြည်းပြန်၍ ကြည်လင်ရွှင်ပျလာသည်။

"အဲ့.......... ဟုတ်တယ်နော်၊ အဟင်း.......... ဒေါက်တာကြီး ပြောသလို ဒေါ်ဒေါ်သစ်ကို ရင်နှစ် ကျေးဇူးတွေ ပစ်တင်လိုက်မိပြီ သိလား"

“ရင်နှစ် တို့နဲ့ ဆုံရ ကြုံရတာ ဝမ်းသာသလား စိတ်ချမ်းသာသလား..........ဟင်”

ရင်နှစ် ဦး၏ လက်ကလေးကို ဖွဖွ ဆုပ်ကိုင်ထားရင်း ဒေါက်တာ စိုးသက်နောင်က မေးလိုက်သည်။

“ရင်နှစ် ........... ရင်နဲ့မဆုံ့အောင်ဘဲ ဝမ်းသာရပါတယ်။ ဖေကြီးတို့ မေကြီးတို့ ဆုံးပြီးတဲ့ နောက်မှာ တွေ့ရ၊ ခံစားရတဲ့ ပထမဦးဆုံးသော စိတ်ချမ်းသာရခြင်းမျိုး လဲ ဖြစ်ပါတယ်။”

“မင်းကို ငါမွေးစားလိုက်ပြီ၊ မင်းဟာ ကိုကိုကြီးရဲ့ ညီမလေး ဖြစ်သွားပြီ သိလား၊ ဒေါ်ဒေါ်မွှေး လင်းလင်းရဲ့ လက်စွပ်ကလေး ကျွန်တော့်ကို ထုတ်ပေးပါဗျာ”

“အေး......... အေး”

ဒေါ်ဒေါ်မွှေးသည် သူ့အိပ်ခန်းထဲရှိ သေတ္တာထဲမှ တရိုတသေနှင့် မြတ်မြတ်နိုးနိုး သိမ်းဆည်းထားဟန် ရှိသော လက်စွပ်ဘူးကလေးကို အလျင်အမြန်ပဲ ယူဆောင် ပေးလာခဲ့သည်။

ဒေါက်တာ စိုးသက်နောင်က လက်စွပ် ကလေးကို ဘူးထဲမှ ထုတ်ယူပြီး၊ ရင်နှစ် ဦး၏ ဘယ်ဘက် လက်သူကြွယ်ကလေးတွင် ဝတ်ဆင်ပေးလိုက်သည်။

တိုင်းလုပ်ထားသည့်အတိုင်း အပိုအလိုမရှိ လက်စွပ် ကလေးသည် ရင်နှစ် ဦး၏ သွယ်လျလျ လက်ချောင်းလှလှကလေးပေါ်တွင် ပန်းရ တင့်တယ်နေ၏ ။

“ကြည့်စမ်းပါဦး ဒေါ်ဒေါ်မွှေးရယ် လင်းလင်းလေး ဝတ်ထားတဲ့ အတိုင်းပဲနော်”

“ဟုတ်ပါ့ကွယ်........”

ရင်နှစ် ဦးက လက်စွပ်ကလေးကို အသေအချာ စမ်းသပ်ကြည့်လိုက်သည်။

“ကျောက်ဝိုင်းဝိုင်းကလေးကို ဘေးက ကျောက်ကလေးတွေ ဝိုင်းထားတာနော် ကိုကိုကြီး၊ အဲဒါ ဘာလက်စွပ်လဲ ဟင်၊ ဒီ လက်စွပ်နဲ့ တစ်ပုံစံတည်း လက်စွပ်ကိုလဲ ကိုကိုကြီး ဝတ်ထားတယ်နော်၊ ဟုတ်တယ် မဟုတ်လား”

"ကြည့်စမ်း.........ရင်နှစ် ဘယ်လို သိသလဲ တစ်ပုံစံတည်း ဝတ်ထားတယ်ဆိုတာ၊ အံ့သြစရာပဲ"

"ရင်နှစ် တော့ ထင်တယ် လူမစွမ်း နတ်မ တာပဲလို့လေ၊ ရင်နှစ် က တစ်ခုခုကို စမ်းမိထားရင် စွဲနေအောင် မှတ်မိတယ်၊ လေ့လာထားရင်လဲ အားလုံးကို သိနေတယ်..........."

"ကိုကိုကြီးလက်ကို ရင်နှစ် စမ်းမိထား တယ်လေ၊ ကိုကိုကြီး ဒီ လက်စွပ်မျိုး ဝတ်ထားတယ် ဆိုတာ ရင်နှစ် တန်းသိတယ် ကိုကိုကြီးရဲ့ "

"ရင်နှစ် က သိပ်မှတ်ဉာဏ် ကောင်းတာပဲကွာ၊ ဒီ လက်စွပ်က ညီမလေး လင်းလင်းနဲ့ ကိုကိုကြီးတို့ ဆင်တူဝတ်ဖို့ မေမေက သူ့နားကပ်ကို ဖျက်ပြီး လုပ်ပေးထားတာ မဟုတ်ရာ ကျောက်ဝိုင်းဝိုင်း ကလေးကို စိန်ပွင့်လေးတွေ ရံထားတဲ့ လက်စွပ်ပဲ ရင်နှစ် ............."

"အို......... သိပ် တန်ဖိုးရှိမှာ ပဲနော်၊ ရင်နှစ် ဝတ်............. ဝတ်ထားရမှာ တောင် ကြောက်တယ်"

"ဘာ ဖြစ်လို့လဲ"

"ပျောက်မှာ စိုးလို့ပါ"

"မပျောက်ပါဘူး ဒီ လက်စွပ်ကလေးကို ရင်နှစ် အမြဲတမ်းဝတ်ထားတာ ကိုကိုကြီး မြင်နေချင်တယ်"

"ကိုကိုကြီး စိတ်ချမ်းသာမယ်ဆိုရင် ရင်နှစ် အသက်နဲ့တမျှ ထိန်းသိမ်းပြီး ဝတ်ထားမယ်လို့ ကတိပေးပါတယ်"

"ညီမလေးက လိမ္မာလိုက်တာကွာ"

ရင်နှစ် ဦး၏ ဦးခေါင်းလုံးလုံးလေးကို ချစ်စနိုးပွတ်ပြီး ဒေါက်တာစိုင်းသက်နောင်က ပြောလိုက်သည်။

"ဒေါ်ဒေါ်မွေး"

“ဆို.......စိုးစိုး”

“သိမ်းထားတဲ့ လင်းလင်းရဲ့ အဝတ်အစားတွေ နဲ့ အသုံးအဆောင် ပစ္စည်းတွေ ရင်နှစ် ကို ပေးလိုက် ပါနော်၊ သူ သုံးပါစေ..........”

“အေး....... အေး.......”

“ကျွန်တော် မျက်နှာသစ်ပြီး အဝတ်အစား သွားလဲလိုက်ဦးမယ်၊ ညီမလေး ရင်နှစ် ရဲ့ ဦးလေးကို အစောဆုံး သွားတွေ့လိုက်တာ ကောင်းမယ်ထင်လို့”

“လုပ်လေ........ ဒေါ်ဒေါ်မွှေးလဲ မင်းတို့ မောင်နှမ စားဖို့ တစ်ခုခု စီစဉ်လိုက်ဦးမယ်၊ သမီးလေး နေခဲ့ဦးနော်”

“ဟုတ်........ဟုတ်ကဲ့........”

♥ ♥ ♥

## အခန်း (၅)

“ရှင် ဘယ်လို ဖြစ်နေတာလဲ ကိုသာဦး၊ တစ်ညလုံးလဲ တစ်ချက်ကလေးမှ မအိပ်ဘူး”

“ငါ အိပ်နိုင်မှာ လားကွ၊ မင်း စဉ်းစဉ်းစားစား ပြော”

“ရှင် မအိပ်နိုင်တာက အကြောင်းမဟုတ်ဘူး၊ မနက်ကျတော့ ရှင်က သဘောရှိ ဖြုံကား အိပ်နိုင်တဲ့လူ၊ ကျွန်မက အိမ်မှု ကိစ္စ တစ်မျိုး ၊ နေ့ပြန်တိုးကိစ္စ ထွက်ရတာ တစ်မျိုး နဲ့ ကျွန်မ အိပ်ရေး ပျက်တာက ပိုဆိုတယ် ရှင့် သိရဲ့ လား”

“မင်းဟာလေ မိခင်စိတ် လုံးဝ မရှိတဲ့ မိန်းမပဲ၊ မင်း ကိုယ်ကျိုး ပဲ မင်း သိတယ်၊ ငါ့တူမလေးမှာ ခုတော့ ဘယ်စခန်း ဆိုက်နေရှာတယ် မသိဘူး”

“ဩော်........သူ့ဘာသာ သူ မနေမထိုင်နိုင် ထွက်သွားတာ ကျွန်မ အပြစ်တဲ့လား ဟင် ကိုသာဦး၊ ရှင်လဲ တစ်ညလုံး ရာတာ တစ်မြို့ လုံးလဲ ပြုပြစ်ခဲ့ပြီ မဟုတ်လား၊ တာဝန်ကျေပြီပဲ”

“ဒီမယ် ရှင် ပြောလို့ ပြန်ပြောရဦးမယ်၊ ကျွန်မက မိခင်စိတ် ရှိရအောင် မိခင် ဖြစ်ဖူးတဲ့ သူမှ မဟုတ်သေးတာဘဲ၊ ဘယ်လိုလုပ် မိခင်စိတ် ထားနိုင်မှာ တဲ့လဲ............”

“ခင်သစ်တို့ ကတော့ အငှား ဆိုရင် ဘာမှ မလုပ်တတ်ဘူး၊ ရှင် သဘောပေါက်၊ ကိုယ့်ကျိုး လဲ ရှာရမှာ ပဲ၊ လောကကြီးမှာ လူ ဖြစ်လာတာ ကိုယ်ကောင်းကောင်းနေဖို့ ကောင်းကောင်း စားဖို့ပဲ၊ ဘယ်သူ့ အပူမှလဲ အငှား မယူနိုင်ဘူး ဒါပဲ”

ဒေါ်ခင်သစ်က အိပ်ရာပေါ်မှ ဆောင့်ကြီးအောင့်ကြီး ထ လိုက်သည်။

“မင်း တော် တော် ဆိုးတဲ့ မိန်းမ”

ဦးသာဦးက ဇနီး ဖြစ်သူကို မျက်မှောင်ကြီးကုပ်၍ ကြည့်ရှင်း ပြောလိုက်သည်။

“ဟုတ်ပါ့တော် ၊ နောက်ဆုံးတော့လဲ ဒီ နောက်စေ့ပဲပေ့ါ၊ ဒီ ပွကြီးပဲပေ့ါ၊ ရှင့်တူမက မဆိုးရှာပါဘူး......... အဟွန်း ဟွန်း၊ ခုလောက်ဆို ရည်းစားရင်ခွင်မှာ ဘယ်လောက်များ ကြည်မွေ့နေပြီ လဲမဆိုနိုင်ဘူး”

“ဘာကွ........ဘာ ရည်းစားလဲ မင်းက ငါ့တူမမှာ ရည်းစားရှိနေတယ် ပြောတာလား၊ ဒီ အကန်းမ ကလေးကို ဘယ်ကောင်က ကြိုက်နေသလဲ”

ဦးသာဦးသည်ရှူး ရှူး ရှားရှားနှင့် အိပ်ရာမှ ထ ကာ ဇနီး ဖြစ်သူ၏ ရှေ့တွင် လက်သီးနှစ် ဘက် ကျစ်ကျစ်ပါအောင် ဆုပ်ကာ ရပ်လိုက်သည်။

“အို........ အပ်ကျ မတ်ကျတော့ သိမှာ လား ရှင့်၊ ရှင့်တူမက အကန်းသာ ဆိုတယ် ရုပ်ရည်က ရုပ်ရှင် မင်းသမီးက လက်မြှောက်ရအောင် လှတဲ့ သူ၊ သူ့ကို ဘယ်သူ လိုက်စကားပြောလို့၊ ဘယ်ကောင်လေးက စ,လို့ ဆိုတဲ့ စကားတွေ ကျွန်မကို လာလာပြောတာ ရှင်မှ မကြားဘဲကိုး..........”

“ကန်းတာက ကန်းတာပဲ၊ လင် လိုချင်တာက လိုချင်တာပဲ၊ ဒါကို ရှင် ခွဲခြားသိ ကိုသာဦး”

ဦးသာဦးသည် လက်သီးကြီး နှစ် ဘက် ဆုပ်ထားရင်း က ဦးခေါင်းငိုက်စိုက်ကျကာ တွေ ဝေ သွားတော့သည်။

“ရှင်က ကျွန်မကို လီဆယ် ပြောတယ်များ ထင်နေရင် ဘိုနဲ့ ပိုကို သွားပြီး ချော့မော့ မေးကြည့်၊ ဒီကလေး နှစ် ယောက် က ရှင့်တူမ အကြောင်း အကုန်သိတယ်ရှင့်............”

“ရည်းစားသန် ထားတတ်တဲ့ အရွယ်မှာ ရည်းစားသန်ထားတတ်တာလဲ ဓမ္မတာ ရှင့်၊ ဒါကိုတော့ လက်ခံရမှာ ပဲ”

အိမ်ပေါ်သို့ လှမ်းတက်လိုက်သော ဒေါက်တာ စိုးသက်နောင်သည် အတွင်း းက အမျိုး သမီး၏ စကားများ ကို တိတိပပကြီး ကြားလိုက်ရသည်။

“ဒေါ်ခင်သစ်ဆိုတာ ဒီ မိန်းမပဲ ဖြစ်ရမယ်၊ အင်း ညီမလေး ရင်နှစ် ပြောတာ ဟုတ်နေတာပဲ၊ ဒီ မိန်းမ စိတ်ထားက စကားထဲကနေ ဇာတိပြနေတာ ပါပဲလား”

“အဟမ်း......... ဟမ်း”

ဒေါက်တာစိုးသက်နောင်က ချောင်းဟန့်သံ ပေးလိုက် သည်။

“ဟော....... အိမ်ရှေ့မှ လူရောက်နေတယ်”

ဒေါ်ခင်သစ်ရော ဦးသာဦးပါ အိမ်ရှေ့ တံခါးမကြီးဆီသို့ ရောက်လာကြပြီး ပိတ်ထားသော တံခါးကြီးကို ဖွင့်လိုက်သည်။

ဘောင်းဘီရှည်၊ ဂျင်း ဂျာကင် အင်္ကျီနှင့် ရုပ်ရည် သားသား နားနား မျက်နှာစိမ်း လူရွယ် တစ်ဦးကို တွေ့လိုက်ရလျှင် လင်မယား နှစ် ယောက် စလုံး အံ့အား တသင့် ကြည့်နေကြ၏ ။

“ဦးသာဦးနဲ့ တွေ့ချင်လို့ပါ၊ ကျွန်တော့် နာမည် စိုးသက်နောင်ပါ ခင်ဗျာ”

ဒေါက်တာ စိုးသက်နောင်က စကား စလိုက်သည်။

"ဦးသာဦးဆိုတာ ကျုပ်ပဲ မောင်ရင်၊ လာတဲ့ ကိစ္စက........"

"ဟုတ်ကဲ့....... ရင်နှစ် ဦးနဲ့ ပတ်သက်တဲ့ ကိစ္စ အတွက် ကျွန်တော် လာခဲ့တာပါ ဦး"

"ဟေ........."

"ဟော..... ကျွန်မ မပြောဘူးလား ကိုသာဦး၊ ကျွန်မ တွေးလိုက်ရင် ပြေးကြည့်တာ ထက်တောင် မှန်တယ် ဆိုတာတွေ့ပြီမဟုတ်လား၊ ဒီမှာ ငါ့မောင် ရင်နှစ် ဦး ခု ဘယ်မှာ လဲ"

"ကျွန်တော့် အိမ်မှာ ပါ"

"မင်း.......မင်း ဘယ်သူလဲ၊ မင်းက ဘာကိစ္စ ငါ့တူမလေးကို မင်းအိမ်မှာ ခေါ်ထားရတာ လဲ၊ ရင်နှစ် ဦးမှာ အုပ်ထိန်းသူ ရှိတယ်ကွ၊ အလေအလွင့် မဟုတ်ဘူး"

"ဒီမှာ .......ဒီမှာ ဦး၊ ကျွန်တော် ရှင်းပြတာ နားထောင်ပါဦး"

စိုးသက်နောင်က ကပျာကရာ လက်ကာပြ၍ တားလိုက်ရသည်။

"အို........ဟုတ်သားပဲ၊ ရှင်ကလဲ တစ်ဆိတ်ရှိ မဟာ ဒေါသအိုးကြီး ဖြန်းဖြန်းကွဲဖို့ပဲ တတ်တယ် ဟိုက လူလူသူသူ လာပြောတဲ့စကားများ လဲ ဆုံးအောင် နားထောင် ဦးမှပေါ့............"

"ကဲ......... ကဲ........ ငါ့မောင် ထိုင်ပါဦး၊ အကျိုး အကြောင်းလေးများ လဲ ရေလည်အောင် ရှင်းပြ ပါဦးကွယ်"

ဒေါက်တာ စိုးသက်နောင်သည် မကြည်မလင် ဖြစ်နေသော ဦးသာဦး၏ မျက်နှာကို တစ်ချက် ကြည့်ပြီး နီးရာ ကုလားထိုင် တစ်လုံးတွင် ဝင်ထိုင် လိုက်သည်။

ပြေပြေလည်လည်နှင့် ကိစ္စ ပြတ် ပြောရမည့် ပြဿ နာ တစ်ခုမို့ စိုးသက်နောင်

စိတ်အရှည်ဆုံး ထားလိုက်ပါသည်။

“ကျွန်တော် က ဒီမြို့ ကို ပြောင်းလာတာ တစ်ပတ်ပဲ ရှိပါသေးတယ် မြစ်မြောက်လမ်းက အိမ်အမှတ်(..........)မှာ နေပါတယ်”

“အော်.......မြစ် မြောက်လမ်းက၊ မဝါနုတို့ အိမ်ကို ဝယ်လိုက်တယ် ဆိုတာ ငါ့မောင်လား”

“ဟုတ်ပါတယ်”

“ဆရာဝန် ဆိုတာက”

“ကျွန်တော် ပါပဲ”

ဆရာဝန်ဆိုသည့် အသံကို ကြားလိုက်ရလျှင် ဦးသာဦး သည် ကိုယ်လုံးကြီး တွန့်ခနဲ ဖြစ်သွားပြီး စိုးရိမ်ထိတ်လန့်ကြီးစွာ ဖြင့် မျက်လုံးကြီးများ ပြူး ကာ စိုးသက်နောင်ကို ကြည့်လိုက်သည်။

“ဒေါက်တာ........... ဒေါက်တာ ကျွန်တော် တို့ အိမ်လိုက်လာတာ ကျုပ်တူမလေး တစ်ခုခုများ ဖြစ်.............”

“သိပ်မစိုးရိမ်ပါနဲ့ဦး၊ ရင်နှစ် ဦး ခု............အတွန့်ရာယ်ကင်းတဲ့ နေရာရောက်ပြီး စိတ်ချမ်းချမ်းသာသာ ရှိနေပါတယ်...........”

“အဲ့..........မနေ့ညကသာ ကျွန်တော် နဲ့ မတွေ့ဘူးဆိုရင်တော့ ခုလောက်ဆို သူ့ အလောင်းဟာ ဧရာဝတီ မြစ်ကြော တစ်လျှောက်မျှောပါနေမှာ ပဲလို့ ယူဆနိုင်ပါတယ်”

“ဟင်.......”

“ဘယ်လို......... ဘယ်လို.......... ငါ့ မောင်”

“ရင်နှစ် ဦးက သူ့ကို ရန်ကုန်က မျက်မမြင်ကျောင်းကို ပို့ပစ်မယ် ဆိုတာ သိတော့၊ အဲဒီ ကျောင်းကို မသွားချင်တာနဲ့အိမ်က ထွက်ပြေးခဲ့တယ်လို့ ကျွန်တော် တို့ကို

ပြောပြပါတယ်...........”

“အဲသလို ပြေးရင်း မြစ်အကာအရံ ကျိုး နေတဲ့ နေရာ ရောက်တော့၊ အကာအရံကို အားထားပြီး သွားနေရရှာတဲ့ ရင်နှစ် ဦးဟာ ကမ်းပါးအောက်ကို လိမ့်ကျသွားခဲ့ ရှာပါတယ်”

“ဟာ.....”

“အောင်မယ်လေးတော် ”

ဒေါ်ခင်သစ်က သူ့ရင်ဝကို လက်ဖြင့် ဖိလိုက်သဖြင့် ဒေါက်တာစိုးသက်နောင်မှာ ရယ်ပစ် လိုက်ချင် စိတ်အတင်းမျိုသိပ် ထားလိုက်ရသည်။

ဦးသာဦး၏ စိုးရိမ်ကြောင့် ကျမှု ကတော့ ဟန်ဆောင်မှု အလျဉ်းမရှိသော ကြောင့်ကြ စိုးရိမ်မှု ဖြစ်ကြောင်း သူ့ မျက်နှာကြီးပေါ်က အမူအရာတွေ ကို အကဲခတ်ကြည့်ရင်း သူ သိလိုက်ရသည်။

“ကျုပ်......ကျုပ် တူမလေးကို ဒေါက်တာ ဘယ်လို တွေ့ခဲ့သလဲ”

“ရင်နှစ် ဦး သိပ်ကံကောင်းတယ်၊ လိမ့်ကျသွားတုန်း ဖမ်းမိဖမ်းရာ၊ ကျောက်တုံးကြီး တစ်တုံး ဖမ်းမိပြီး အတင်းဖက်တွယ်ထားနေတုန်း လူနာ တစ်ယောက် ကို သွားကြည့်ပြီး ပြန်လာတဲ့ ကျွန်တော် နဲ့ တွေ့ဆုံမိကြတယ်.........”

“တွေ့မိရတာ ကလဲ မြစ်အကာအရံတံတိုင်း အသွားတုန်းက အကောင်း၊ အပြန်ကျမှ ပြိုလဲ ကျနေတာကို ဘာ ဖြစ်လို့များ ပါလိမ့်လို့ စူးစမ်းချင်တဲ့ စိတ်နဲ့ ကားပေါ်က ဆင်းပြီး ကြည့်လိုက်မိလို့ပါပဲ...”

“အဲဒီ မှာ တင် ရင်နှစ် ဦးကို သည်းထိတ်ရင်ဖို တွေ့လိုက်ရတာ ပဲ ခင်ဗျ၊ ကျွန်တော် လက်ထဲလဲ ရောက်ရော အကြောက်လွန်နေတဲ့ ရင်နှစ် ဦးဟာ မေ့မြောသွားခဲ့ရှတယ်၊ သူ သတိမေ့နေတာ ဆိုတော့ စကားမေးမရနိုင်တာနဲ့ ကျွန်တော့် အိမ်ကိုပဲ ခေါ်သွားပြီး၊ ကျွန်တော့် အဒေါ်နဲ့အတူ ဆေးကုသပြုစု ပေးခဲ့ပါတယ်......”

“ဒီမနက် သူ စကားကောင်းကောင်း ပြောနိုင်ပြီ ဆိုတော့၊ သူ့ကို အကျိုး အကြောင်းတွေ မေးကြည့်ပြီး ဦးတို့ကို သတင်းပေးဖို့ လာခဲ့ တာပါ”

“ကျုပ်....... ကျုပ် တူမလေး ပြင်းပြင်းထန်ထန် ဒဏ်ရာတွေ များ ရသွားသေးသလားဟင် ဒေါက်တာ”

“မရပါဘူး ခင်ဗျာ၊ ဒါပေမယ့် စိတ်တော့ အတော် ဆင်းရဲနေရှာပါတယ်၊ ဒါက ဦးတို့ရဲ့ အစီအစဉ်တွေ ကို သူမလိုက်လျောနိုင်တဲ့ အကြောင်းကြောင့် ပါ”

“ဒါ ကတော့ ဒေါက်တာရယ် သူ ကောင်းဖို့ လူကြီးတွေ က ရေရှည်ကို တွေ းပြီး စီစဉ်ကြတာပါ”

“မခင်သစ်ရာ ကလေးက ဒီလောက် ဖြစ်နေမှတော့ မင်းအစီအစဉ်ကို ဖျက်လိုက်ကြရအောင် ပါ”

“ရှင့်ကြောင့် ခက်တယ်ရှင်”

“နေ....... နေပါဦး ခင်ဗျာ၊ ရင်နှစ် ဦးအတွက် ဦးတို့မှာ ပြဿ နာ ရှိနေမယ်ဆိုရင် ဒီပြဿ နာကို ကျွန်တော် ရှင်းပေးချင်ပါတယ်”

“ငါ့မောင်က ဘယ်လို ရှင်းချင်တာလဲ ဆိုပါဦး”

ဒေါ်သာလိကာမကြီးက ဦးစွာ မေးလိုက်သည်။

“ရင်နှစ် ဦးကို ကျွန်တော် ကော၊ ကျွန်တော့် အဒေါ်ကပါ အပိုင်မွေးစားချင်တယ်”

“ဟင်.....”

“ဟော.....”

“ဒီလိုပါခင်ဗျ၊ ကျွန်တော့် မှာ လဲ ရင်နှစ် ဦး အရွယ် သိပ်ချစ်ရတဲ့ ညီမလေး တစ်ယောက် ရှိခဲ့ဖူးပါတယ်၊ ကျန်းမာရေး က ဆိုးရှာတော့ ကုမရတဲ့ ရောဂါ နဲ့ ဆုံးသွားရှာပါပြီ၊ ဒီ ညီမလေးကို ကျွန်တော် တို့ တူအရီး နှစ် ယောက် ဘယ်လိုမှ မေ့မရ ဖြစ်နေပါတယ်..........”

“ခုလို မမျှော်လင့်ဘဲ ရင်နှစ် ဦးကို တွေ့လိုက်ရတော့ ကျွန်တော် တို့မှာ ညီမလေးကို အစားပြန်ရ လိုက်သလို ခံစားရပါတယ်၊ ကျွန်တော့် အနေနဲ့ တာဝန်ယူမယ်ဆိုရင် သူ့အတွက် အစစ အရာရာ ပြည့်စုံပြီး သူ့မျက်စိ ကုသဖို့လဲ အဆင်ပြေလိမ့်မယ်လို့ ယူဆပါတယ်........”

“ဦးတို့ ပူပင်နေတဲ့သူ့ရဲ့ ရှေ့ရေး ကို ကျွန်တော် ပဲ တာဝန်ယူပါရစေ၊ ဦး ဆန္ဒကို ပြောပါခင်ဗျာ”

“ကိုသာဦး ပြောလိုက်လေ”

တွေ တွေ ဝေဝေ ဖြစ်နေသော ဦးသာဦးကို ဇနီးသည် မခင်သစ်က တံတောင်ဆစ်ဖြင့် တွက်ကာ ပြောလိုက်သည်။

“အင်း.......သွေး မတော် သားမတော် နဲ့ ကျုပ်တူမ တာဝန်ကြီးတစ်ခုလုံး ပုံပေးရမယ်ဆို.....”

“အို......ရှင် ကိုသာဦးကလဲ၊ ဟိုမယ် နမလေး အစားရသလိုပါပဲလို့ စကားပလ္လင်ခံပြီးတဲ့ ဥစ္စာ၊ ဒီ ထက်ပဲ ရှင်းရှင်း ပြောရဦးမှာ လား၊ ရှင့်တူမကို ရှင်က ချစ်တာ တစ်ခုပဲတတ်တာ.........”

“သူ့ ရှေ့ရေး နဲ့ သူ့မျက်စိ ကုသနိုင်ရေး အတွက် ရှင် လုပ်ပေးနိုင်မယ့် အာမခံချက် ရှိသလား၊ စဉ်းစားလေ၊ ဟိုက ဆရာဝန်၊ ဆရာဝန်ထက်တော့ ရှင်က တတ်နိုင်စရာ အကြောင်း ရှိကိုး မရှိဘူး”

ဦးသာဦးသည် သူက စောဒက တက်နိုင်သည့် အရည်အချင်း ဇနီးအပေါ်တွင် မရှိလေသူမို့ ဒေါက်တာ စိုးသက်နောင်၏ ကမ်းလှမ်းချက်ကိုသာ မျက်စိမှိတ် သဘောတူဖို့ ဆုံးဖြတ်လိုက်ရတော့ သည်။

“ကျုပ်တူမလေး က ဒေါက်တာတို့နဲ့ နေမယ်တဲ့လား ဟင်”

“ကျွန်တော် တို့နဲ့ပဲ နေချင်တယ်လို့ ပြောခိုင်း လိုက်ပါတယ်”

“ဒါဆိုလဲ သူစိတ်ချမ်းသာတာကို ကျုပ်တို့က လိုက်လျောပေးရမှပေါ့”

“ဝမ်းသာပါတယ် ဦး၊ ရင်နှစ် ဦးလဲ ဒီစကားကို ကြားရင် သိပ်ဝမ်းသာရှာမှာ ပါ၊ ဦး လိုက်တွေ့ဦး မလား”

“ကျုပ် လိုက်ခဲ့မယ်”

“ကျွန်မလဲ လိုက်မယ်လေ”

“မင်းမှာ မနက်လင်းရင် လုပ်စရာတွေ က ဂျင်ခြေလည်နေတာပါကွာ၊ နေခဲ့၊ လာ....... ဒေါက်တာ”

ဒေါ်ခင်သစ် တစ်ယောက် နောက်ထပ် ပါးစပ်ဟမလာနိုင်ခင် ဦးသာဦးသည် ရှေ့ဆုံးက အရင် အိမ်ပေါ်က ဆင်းသွားသဖြင့် ဒေါက်တာစိုးသက်နောင်သည် အလျင်အမြန် ထလိုက်ခဲ့တော့သည်။

♥ ♥ ♥

## အခန်း (၆)

“အို....ကြည့်စမ်း၊ ရင်နှစ် ကလေးက အိပ်ရာ ခင်းထားလိုက်တာ ဖြောင့်လို့ပါလား”

မျက်မမြင် ကလေး တစ်ယောက် ခင်းထားသည်နှင့် မတူအောင်ပင် ပြန့်ရန့် သေသပ်နေသော ခုတင်ကို ကြည့်ကာ ဒေါ်မွှေး တစ်ယောက် အံ့ဩစရာ ဖြစ်ခဲ့ရသည်။

“အဟင်း.... ဟင်း..... ဟင်း မအံ့ဩပါနဲ့ ကြီးကြီးမွှေးရယ်၊ လက်ကလေးနှစ်ဘက်နဲ့ စမ်းကြည့်ပြီး ရင်နှစ် ခင်းခဲ့တာပါ၊ အိမ်မှာ ဆိုရင်လဲ ရင်နှစ် ဒီလိုပဲ ခင်းနေကျပါ......”

“ဒီနေ့ကစပြီး ကိုကိုကြီးရဲ့ အိပ်ရာခင်းတဲ့ တာဝန်ရယ်၊ အိမ်ရှင်းတဲ့ တာဝန်ရယ်၊

အဝတ်လျှော်တဲ့ တာဝန်ရယ်၊ အိုးခွက်ပန်းကန်ဆေးတဲ့ တာဝန်ရယ်ကို ရင်နှစ် ယူလိုက်ပြီ သိလား.....”

“ကြီးကြီးမွေးက ဈေးသွား၊ ထမင်းချက် လုပ်နော်”

“အောင်မလေးလေး...... ကျေးဇူးတွေ အများ ကြီး တင်ပဲ့တော် ၊ ဒါပေမယ့် ညည်းလေး ဘာမှ မလုပ်ရပါဘူးနော်”

“ဟွန်...... ဘာ ဖြစ်လို့လဲ ကြီးကြီးမွေးကလဲ ဒါတွေ ရင်နှစ် လုပ်တတ်နေတဲ့ ဥစ္စာ”

စူတူမူတူ အမူအရာလေးဖြင့် ရင်နှစ် ဦးက ပြောလိုက်သည်။

“ဘာပဲ လုပ်တတ်လုပ်တတ် သမီးကိုကိုကြီးက လင်းလင်းတုန်းကလဲ ခြေမွေးမီးမလောင်၊ လက်မွေး မီးမလောင် ထားခဲ့တာ၊ ဘာဆို ဘာအလုပ်မှ မလုပ်ရဘူး၊ သူက သူ့ညီမလေး ပါးစပ်က သီချင်းလေး တဆိုဆိုနဲ့ ရွှင်မြူး နေတာကိုပဲ ကြည့်လို့ရတဲ့ လူကွယ့်”

“ကိုကိုကြီးက သူ့ညီမလေးကို ချစ်တတ်လိုက်တာနော်”

“အသက်တမျှပါပဲကွယ်၊ ခုလဲ စိုးစိုးက သမီး ရင်နှစ် ကို အဲသလို ချစ်တာ၊ လင်းလင်းလေးလို ချစ်တာ၊ ပြီးတော့ သိပ်လဲ သနားနေတာ၊ သူ့ခမျာ အရွယ် ငယ်ငယ်လုလုကလေးနဲ့ ကံဆိုးရှာ တယ်တဲ့......”

“စိုးစိုးကလေ ဒုက္ခရောက်နေတဲ့ လူတွေ ကို ဆိုရင်လဲ ဘယ်တော့မှ မျက်ကွယ် မပြုတတ်ဘူး၊ စိတ်ရော ကိုယ်ပါ သိပ်အကူအညီပေးတတ်တဲ့ သူပါကွယ်”

“ကိုကိုကြီးက ငါက အကန်းဆိုတော့ ပိုသနားသွားမှာ ပဲ ထင်ပါရဲ့ ”

“ကဲ.... တွေ တွေ ဝေဝေ ဘာမှ စဉ်းစားမနေနဲ့၊ သမီး ကိုကိုကြီးပြန်လာရင် သတင်းကောင်းပဲ ကြားရမှာ ပါ၊ သူ ကတော့ ဦးသာဦးတို့ကို မရရအောင် ပြောနိုင်မယ် ဆိုတာ ဒေါ်ဒေါ်မွေးယုံတယ်.......”

“ကဲ.....လာ၊ ရင်နှစ် ကို ပြထားရဦးမယ်”

ဒေါ်မွှေးက ရင်နှစ် ဦး၏ လက်ကိုဆွဲ၍ အိပ်ခန်းထဲရှိ ဗီရိုတစ်လုံးဆီသို့ တွဲခေါ်သွားသည်။

"ဟောဒီမှာ စမ်းကြည့်စမ်း ဗီရိုကြီး တစ်လုံးရှိတာရယ် ခုတင်ဘေးမှာ ဆေးပုလင်းတွေ ဘာတွေ ထားတဲ့စားပွဲ ရှိတာရယ်၊ ဟောဒီ ဗီရိုကြီးနဲ့ သိပ်မလှမ်းတဲ့ နေရာ အဲခြေငါးလှမ်းလောက်မှာ ရေချိုး ခန်းနဲ့ အိမ်သာ တွဲ လျက် အခန်းရှိတာရယ်ကို ရင်နှစ် သိပြီးပြီ ကြီးကြီးမွှေးမွှေးရဲ့ "

"အယ်တော့် အံ့မကုန်နိုင်အောင်ပါပဲ"

"အဟင်း...... ဟင်း....... ဟင်း"

ရင်နှစ် ဦးက သူ့လက်ကို ကိုင်ထားသော ဒေါ်မွှေး၏ လက်ကိုပြန်၍ ဆုပ်ကိုင် လှုပ်ယမ်းပြီး ရယ်ရယ်မြူး မြူး ကလေး ပြောလိုက်သည်။

ဒေါ်မွှေး၏ မျက်စိထဲတွင် တူမလေး လင်းသက်နှောင်၏ အပြုအမူ ကလေးတွေကို ပြေးမြင် လိုက်မိသည်။

"လင်းလင်းလေးနဲ့ လုပ်ပုံကိုင်ပုံ ကလေးတွေ က အစတူနေပါရောလား.........."

ရင်နှစ် ဦးအပေါ် ရစ်ပတ် တွယ်နှောင်စ သံယောဇဉ်ကြိုး နုနုကလေး တစ်ထစ်တိုး၍ ရင့်ကာ ချည်နှောင်မိသွား၏ ။

"ရင်နှစ် ဦးလေး"

"ဟွန်........."

"ဟောဒီ ဗီရိုအပေါ်ဆုံး အထပ်မှာ လေ လင်းလင်းလေးရဲ့ အသုံးအဆောင် ပစ္စည်းတွေ နဲ့ အဝတ်အစားတွေ အများ ကြီးရှိတယ်၊ အဲဒါ ရင်နှစ် သုံး သိလား၊ သမီး ကိုကိုကြီးက သမီးကို ကြည်ကြည်ဖြူဖြူကြီးကို သုံးခွင့်ပြုလိုက်ပြီ သိလား"

"ဟုတ်ကဲ့......... ရင်နှစ် ကြီးကြီးမွှေးတို့ ကိုကိုကြီးတို့ကို သိပ်ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး ကလေးရယ်၊ သမီးလေးနဲ့ မမျှော်လင့်ဘဲ တွေ့ဆုံလာရတာ ကို ကြီးကြီးမွှေးတို့ တူအရီးက ဝမ်းသာမဆုံး ဖြစ်နေကြတာကွယ့်"

"ကြီးကြီးမွှေး"

"ရှင့်......."

"ကြီးကြီးမွှေးက ကိုကိုကြီးနဲ့ ဘယ်လိုတော် တာလဲ ဟင်"

"စိုးစိုးက ကြီးကြီးမွှေးရဲ့ ညီမလေးက မွေးတာလေ၊ ကြီးကြီးမွှေးက အိမ်ထောင်မရှိဘူး၊ အပျိုကြီး ဘဝနဲ့ ညီမလေး ထွေးထွေးရဲ့ ကလေးနှစ် ယောက် ကို ကြည့်ရှု ထိန်းကျောင်းလာတာ ဒီနေ့အထိပဲ ဆိုပါတော့"

"ကိုကိုကြီးက ဘယ်အရွယ်လဲဟင် အသက်ဘယ်လောက် ရှိပြီလဲ"

"အသက် သုံးဆယ့်တစ်နှစ် ထဲ ရောက်နေပြီ ရင်နှစ် ရဲ့ "

"အို......... ဟုတ်လား၊ သူလဲ လူပျိုကြီးပဲလား၊ မိန်းမ မယူဘူးလား ဟင်"

"တစ်ချိန် ကတော့ ယူလဲ ယူဖို့ စိတ်ကူးခဲ့ပါတယ်"

"ဒါပေမယ့် မယူ ဖြစ်ခဲ့ဘူးပေါ့ ဟုတ်လား၊ ကြီးကြီးမွှေးကလဲ ဆက်ပြောပါ၊ ကြားရတာ ဆတ်တငံ့ငံ့ကြီး"

"ဟုတ်တယ် မယူ ဖြစ်ဘူး"

"ဘာ ဖြစ်လို့လဲဟင်"

"သစ္စာမရှိတဲ့ မိန်းမမို့လို့ မယူ ဖြစ်တာပေါ့"

ဒေါ်မွှေး၏ အသံတွင် ဒေါသသံရောယှက် ပါလာ၏ ။

"ကိုကိုကြီး အကြောင်း သိချင်လိုက်တာ ကြီးကြီးမွှေးရယ်"

"ဒီအကြောင်း မပြောချင်ပါဘူးကွယ်၊ ဒီဟာမအကြောင်း ပြောရင် စိုးစိုးအတွက်

ရင်နာလွန်းလို့”

“ကြီးကြီးမွေးကလဲ.......”

“အေးပါလေ တစ်နေ့နေ့ အေးအေးဆေးဆေးကျတော့ ကြီးကြီးမွေး သမီးလေးကို ပြောမှာ ပါ”

“ကြီးကြီးမွေးရေ၊ ဒီမှာ ဧည့်သည်ပါလာတယ်”

အိမ်ရှေ့ဆီမှ ဒေါက်တာ စိုးသက်နောင်၏ အသံထွက်ပေါ်လာ၏ ။

“ဟော.......”

“ဒုက္ခပဲ.........ဒုက္ခပဲ၊ အဲဒါ ရင်နှစ် တို့အိမ်က တစ်ယောက် ယောက် ပါလာတာပဲ နေလိမ့်မယ်”

ရင်နှစ် ဦးမှာ ရုပ်ခြည်း ထိတ်လန့်တုန်လှုပ် သွားတာ တောင်ပဲ ပြေးရမလိုလို၊ မြောက်ပဲ ပြေးရ မလိုလို ဖြစ်နေသဖြင့် ဒေါ်မွေးက လှမ်းဆွဲကာ ဖက်ထားလိုက်ရသည်။

“ကလေး.......ကလေး တအား ကြောက်မနေနဲ့လေ၊ ကလေး ဒီမှာ နေခဲ့၊ ဘယ်နည်းနဲ့မှ သူ ပြန်မခေါ်သွားစေရဘူး၊ ကြီးကြီးမွေး တာဝန်ယူတယ်၊ ဒီမှာ နေခဲ့ ဘယ်မှ မသွားနဲ့ နော်”

“ဟုတ်.........ဟုတ်ကဲ့”

ဒေါ်မွေးက ရင်နှစ် ဦးကို အခန်းထဲတွင် ထားခဲ့ပြီး တံခါးကို ပြန်ပိတ်ခဲ့သည်။

အိမ်ရှေ့ခန်းထဲတွင် နှုတ်ခမ်းမွေးနှင့် အသားလတ်လတ် ရုပ်ရည် သန့်သန့်ပြန့်ပြန့် ရှိလှသော အသက်ငါးဆယ်ကျော် အမျိုး သား တစ်ဦးကို ဒေါက်တာ စိုးသက်နောင်နှင့် အတူတွေ့ရှိရသည်။

“ကြီးကြီးမွေး........ ဒါ ညီမလေးရင်နှစ် ဦးရဲ့ ဦးလေး ဦးသာဦး ဆိုတာပဲ”

“ဩော်......... ဩော်”

ဒေါ်မွှေးက အေးဆေး တည်ငြိမ်စွာ ဖြင့် ဦးသာဦးနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံတွင် ဝင်ထိုင်လိုက် သည်။

"ညီမလေး ရင်နှစ် ကော ကြီးကြီးမွှေး"

"အိပ်ခန်းထဲမှာ ရှိပါတယ်၊ ဒါနဲ့ စိုးစိုးသွားပြီး ဆွေးနွေးညှိနှိုင်းတဲ့ကိစ္စ အဆင်ပြေပါတယ်နော် ဦးသာဦး"

"ဩော်........... ဟုတ်ကဲ့......... ဟုတ်ကဲ့၊ ဟောဒီက ဒေါက်တာ မောင်စိုးသက်နောင် လာပြောပြလို့ ကျွန်တော့် တူမလေးရဲ့ ဆန္ဒ သဘောထားကို သိခဲ့ရပြီးပါပြီ၊ တူမလေး စိတ်ချမ်းသာ မယ် ဆိုရင် သူ့ဆန္ဒအတိုင်း ကျွန်တော် ဆောင်ရွက် ပေးဖို့အဆင်သင့်ပါပဲ အစ်မကြီးရယ်..........."

"ကျွန်တော့် တူမလေးကို ကျွန်တော် စိတ်ချမ်းသာစေချင်ပါတယ်၊ ကိုယ် ကျန်းမာစေချင်ပါ တယ်၊ ခုလို အစ်မကြီးတို့လို၊ ဒေါက်တာတို့လို လူသူတော် ကောင်းတွေ နဲ့ တွေ့ရတော့ ကျွန်တော့် တူမလေး မျက်စိကုသဖို့ ကိစ္စကို ပိုပြီးနီးစပ် အောင်မြင်မယ်လို့ ယူဆပါတယ်............."

"ခု..........ခု၊ ကျွန်တော့် ..........ကျွန်တော့် တူမလေးကို ခဏလေး တွေ့ချင်လို့ လာခဲ့တာပါ ခင်ဗျာ"

"ဟင်း........ခုမှပဲ ရင်ထဲ ပေါ့သွားရတော့တယ်၊ အစ်မကြီး ကတော့ ကလေးကို လာပြန်ခေါ်တာ လို့ ထင်နေမိတာ"

"အဟော်...........မဟုတ်ပါဘူးခင်ဗျာ"

"သမီးလေးအတွက်တော့ စိတ်သာချ၊ မည်သည့်တစ်ပေါက် မစွန်းစေရဘူး၊ အားလုံး တာဝန်ယူတယ် ဦးသာဦး"

"ဟုတ်ကဲ့........ဒေါက်တာကလဲ ပြောပြပြီးခဲ့ပါပြီ"

"ကလေးက ညှော့သည်ပါတယ်လဲဆိုရော သွေးလန့်ပြီး ကယောင်ချောက်ချား

ဖြစ်သွားရှာတယ် ကွယ်၊ မနည်း ဖျောင်းဖျခဲ့ရတယ်၊ ကဲ.......ကဲ.........ခဏ သွားခေါ်လိုက်ပါဦးမယ်"

ဒေါ်မွှေးက ထိုင်ရာမှ ထပြီး သူ့အိပ်ခန်းဆီသို့ ထွက်ခွာ လာခဲ့သည်။

ဦးသာဦးသည် အဆင့်အတန်း မြင့်မြင့် ပြင်ဆင်ထားသော ဒေါက်တာ စိုးသက်နောင်၏ အိမ်အပြင်အဆင်များ ကို ကြည့်ပြီး ဒုက္ခိတ တူမလေးအတွက် ဝမ်းမြောက်ဝမ်းသာ ရှိမိသွားသည်။

"ရင်နှစ် ကလေး သူတော် ကောင်းတွေ နဲ့ တွေ့ သွားတာပဲ ကံကောင်းတယ်၊ ရှေ့လျှောက် သူ့ မျက်စိ မြင်လာနိုင်တဲ့ အထိ ကံကောင်းပါစေ"

"လေးလေး.........လေးလေးသာ"

ရှေ့သို့ လက်ကလေးနှစ် ဘက် တယမ်းယမ်းနှင့် ထွက်လာသော တူမလေးဆီသို့ ဦးသာဦးသည် ထိုင်ရာမှ လျင်မြန်စွာ ထ၍ သွားလိုက်သည်။

"ရင်နှစ် .......တူမလေး"

"လေး..........လေးသာ"

"တူမလေးရယ်"

သူ့အား ဖက်လိုက်သော ဦးလေး ဖြစ်သူ၏ ရင်ခွင်ထဲတွင် ရင်နှစ် ဦးက မျက်နှာကလေး ဝှက်ကာ မျက်ရည်တွေ ကျလာ၏ ။

ဦးသာဦးက တူမ ဖြစ်သူ၏ ကျောကလေးကို ပွတ်သပ်ကာ နှစ် သိမ့်လိုက်သည်။

"ရင်နှစ် ဒီမှာ နေချင်တယ် မဟုတ်လားဟင်"

ရင်နှစ် ဦးက ဦးခေါင်း ကလေးကို တဆတ်ဆတ် ညိတ်ပြလိုက်သည်။

"တူမလေးပျော်တဲ့နေရာမှာ နေချင်တာကို လေးလေးသာ မကန့်ကွက်ပါဘူးကွာ၊ အတင်းအဓမ္မလဲ ပြန်မခေါ်ပါဘူး ဒါပေမယ့် လေးလေးဆီ ပြန်လာချင်တဲ့ နေ့ရောက်လာခဲ့ရင်

အချိန် မရွေး ပြန်လာခဲ့ပါလို့ ပြောချင်လွန်းလို့ လေးလေးသာ လိုက်လာခဲ့တာပါ”

“ဟုတ်........ဟုတ်ကဲ့”

“ဒီ.......ဒီမှာ ပိုက်ဆံ ငါးရာ၊ တူမလေး သုံးချင်ရာ သုံးဖို့ လေးလေးသာ ပေးတာ ယူနော်”

♥ ♥ ♥

တူမ ဖြစ်သူ၏ လက်ထဲသို့ ဦးသာဦးက သူ့အင်္ကျီအိတ် ထဲမှ ထုတ်ယူလိုက်သော ငွေစက္ကူများ ကို ထည့်ပေးလိုက် သည်။

“အို........ပိုက်ဆံတွေ ယူမထားပါနဲ့၊ သမီးအတွက် ဒီအိမ်က အစစအရာရာ တာဝန်ယူတဲ့ နောက်၊ ငွေလဲ ယူစရာ မလိုပါဘူး”

“ဟုတ်ပါတယ် ဦးသာဦး၊ ငွေတွေ ပြန်ယူ သွားပါ၊ ကျွန်တော် တို့ လိုလေးသေးမရှိအောင် ရင်နှစ် ဦးကို ကြည့်ရှုတာဝန်ယူမှာ ပါ”

“လေးလေး ပြန်ယူ သွားပါ”

တူမ ဖြစ်သူကပါ ငြင်းဆန်၍ ပြန်ပေးလိုက် သဖြင့် ဦးသာဦး၏ မျက်လုံးထဲတွင် မျက်ရည်များ ဝိုင်းတက် သွားသည်။

တကယ်တော့ ဦးသာဦးသည် တစ်ဦးတည်းသော တူမကလေးကို မချစ်၍ မဟုတ်။

ဇနီးသည် မခင်သစ်ကို မလွန်ဆန်နိုင်လွန်း၍ သာ အကြင်နာတွေ ပေးချင်သလောက် မပေးသာဘဲ ရှိနေခဲ့ခြင်း ဖြစ်ပါ၏

“လေးလေးသာကို နားလည်နိုင်ပါစေ” ဟုသာ ဦးသာဦးသည် စိတ်ထဲက ကျိတ်၍

ပြောလိုက်မိ သည်။

တူမလေးကို လိမ်လိမ်မာမာနေဖို့ ဆိုဆုံးမပြီး ဦးသာဦးသည် ဒေါက်တာ စိုင်းသက်နောင်၏ နေအိမ်မှ ဦးခေါင်းငိုက်စိုက်ချကာ လေးဖင့်နေသော ခြေလှမ်းများ ဖြင့် ထွက်ခွာ သွားပါတော့သည်။

"အဟင့်.........ဟင့်.........ဟင့်"

"အို........ဘာ ဖြစ်လို့ ငိုတာလဲ ဟင် ညီမလေး"

ဒေါက်တာ စိုးသက်နောင်က ရင်နှစ် ဦး၏ အနီးသို့ အလျင်အမြန် ရောက်ရှိသွားပြီး မျက်နှာတွင် အုပ်ထားသော လက်ကလေးများ ကို ဖယ်ရှားပေးရင်း ကြင်နာယုယစွာ မေးလိုက်သည်။

"လေး.......လေး...........လေးသာကို သနားလို့ပါ၊ သူ.......သူက ရင်နှစ် ကို ချစ်ပါတယ်"

"ဟုတ်ပါတယ်၊ ကိုကိုကြီးတို့လဲ သဘောပေါက်ပါတယ်၊ အိမ်လဲ သိပ်ဝေးတာမှ မဟုတ်တာ၊ အိမ်မှာ လဲ ကားရှိနေတာပဲ၊ လေးလေးသာကို ညီမလေး သတိရတဲ့အခါ ကိုကိုကြီး လိုက်ပို့ပေးမှာ ပေါ့"

"ဟုတ်သားပဲကွယ်၊ ကြီးကြီးမွှေးလဲ လိုက်ပို့ပေးနိုင်တာပဲ၊ အင်း....... ယောက် ားတွေ ....... ယောကျ်ားတွေ ၊ မိန်းမ ဒုက္ခပေးတာ အမျိုး မျိုး ခံနေကြရတာ ပဲနော်"

"ဟာ..........ကြီးကြီးမွှေးကလဲ"

ဒေါက်တာ စိုးသက်နောင်က ထိုင်ရာမှ ဆတ်ခနဲ ထ၍ အဒေါ် ဖြစ်သူဘက် ကျောပေးရပ်ကာ ပြောလိုက်သည်။

"အလိုတော် ..........အနာပေါ် တုတ်ကျသွားလို့လား၊ ကြီးကြီးမွှေးက မှန်သော သစ္စာစကားပဲ ပြောတတ်တယ်၊ ဒီ ဦးသာဦး ဆိုတဲ့ လူလဲ မ ချုပ်ချယ်မှု ကို မလွန်ဆန်နိုင်တာနဲ့ သွေးရင်း သားရင်း ကလေးကိုတောင် မကြင်နာနိုင်အောင် ဖြစ်နေရှာတယ် မဟုတ်လားလို့"

“ဟုတ်ပါတယ်၊ ဒေါ်ဒေါ်သစ်က အကျင့်သိပ်ပုပ်တာ၊ ရင်နှစ် က လေးလေးသာ စိတ်မချမ်းမသာ ဖြစ်မှာ စိုးလို့ အစစအရာရာ ဖွင့်မပြောပါဘူး၊ ကိုယ့်ဘာသာကိုယ်ပဲ ကျိတ်မှိတ် ခံပါတယ်...........”

“ရင်နှစ် အဖို့ စိတ်ချမ်းသာရတဲ့အချိန်က မနက်စောစော လမ်းထွက်လျှောက်ရတဲ့ အချိန်နဲ့၊ ဘိုနဲ့ပိုနဲ့ နေရတဲ့အချိန်ကလေးတွေ ပဲ ရှိတယ်”

“ဘိုနဲ့ပို ဆိုတာက ဘယ်သူတွေ လဲ ဟင် ညီမလေး”

ဒေါက်တာစိုးသက်နောင်က မေးလိုက်သည်။

“ရင်နှစ် တို့နဲ့ အိမ်နီးနားချင်း အမြွှာ မောင်နှမပါ”

“သမီးလေးနဲ့ရွယ်တူတွေ လား”

“မဟုတ်ပါဘူး ကြီးကြီးမွှေး၊ သူတို့က ရှစ်နှစ် ကိုးနှစ် အရွယ်ကလေးတွေ ပဲ ရှိပါသေးတယ်၊ သူတို့က ရင်နှစ် ကို သိပ်ချစ်ကြတာ”

“ညီမလေး တွေ့ချင်တဲ့နေ့ကျရင် သူတို့ဆီကို ကိုကိုကြီး လိုက်ပို့ပေးမယ်၊ ဒါမှမဟုတ် ဒီကို လာလည်နိုင်မယ်ဆိုလဲ ခေါ်လာပေးမှာ ပါ”

“ရပါတယ် ကိုကိုကြီးရယ်”

“ခု ကိုကိုကြီးတို့ နေနေတဲ့ အိမ်ကြီးက အကြီးကြီးပဲ ခြံကြီးကလဲ သိပ်ကျယ်တယ်၊ သစ်ပင် ပန်းပင်တွေ လဲ ရှိတယ် ရင်နှစ် အပျင်းပြေ လမ်းလျှောက်လို့လဲ ရတယ်”

“ဘယ်နားက အိမ်ကြီးလဲဟင်”

“အောင်မင်္ဂလာရပ်မှာ လေ”

“သြော်.......ဟုတ်လား၊ ကြားဖူးပါတယ်”

“ဟဲ့.......စိုးစိုး၊ မင်း သတိ မေ့နေတာလား၊ ဟို.........လူနာလေ၊ လေဖြတ်သွားတဲ့လူနာ သွားကြည့်ရဦးမယ်လေ”

ဒေါ်မွှေးက သတိပေးလိုက် သည်။

"အား.....ဟုတ်သားပဲ၊ မေ့နေလိုက်တာ၊ တော် သေးတာပေါ့၊ ရှစ်နာရီ ချိန်းထားတာ၊ နောက်ကျလဲ ငါးမိနစ် ဆယ်မိနစ်ပဲ"

ဒေါက်တာ စိုးသက်နောင်သည် ဆေးအိတ်ကို ဆွဲပြီး အိမ်ပေါ်မှ အပြေးကလေး ထွက်ခွာ သွားတော့သည်။

♥♥♥

ဒေါ်မွှေး တစ်ယောက် မီးဖိုဆောင်တွေ င် ထမင်း ဟင်းချက်ပြုတ်ရန် စီစဉ်နေစဉ် ရင်နှစ် ဦးသည် ဧည့်ခန်းကို လှည်းကျင်းပြီး စာအုပ်စင်ကို သပ်ရပ်အောင် ပြန်စီထားနေသည်။

လက်ကလေး တစမ်းစမ်းနှင့် လုပ်နေရသည့်တိုင် သူ၏ လုပ်ဆောင်မှု များ သည် ပိပိပြင်ပြင်သပ်ရပ်နေ၏ အလုပ်လုပ်ရင်း ပန်းနံ့ကလေးများ ရှူရှိုက်မိသဖြင့် ရင်နှစ် ဦး၏ မျက်နှာကလေး ကြည်လင် လန်းဆန်းသွားသည်။

မိုးဦးကျတွင် ပွင့်သော ဇီဇဝါပန်းကလေးများ ၏ ရနံ့၊ ရင်နှစ် ဦးသည် လှေကားထစ်ကလေးများ ပေါ်မှ တစမ်းစမ်းဖြင့် ဆင်းလိုက်သည်။

ပန်းရနံ့ကလေးများ နှင့် တဖြည်းဖြည်း နီးကပ်၍ လာသည်။

မကြာမီ အချိန်တွင် ဖွေးလှုပ်နေအောင် ပွင့်နေသော ဇီဇဝါ ပင်အုပ်ဆီသို့ ရောက်ရှိသွားသည်။

အပွင့်တွေ ဖွေးဖွေး လှုပ်အောင် ပွင့်နေသည်ကို မျက်စိက မြင်နိုင်စွမ်းမရှိသော လည်း လက်ကလေးများ ကတော့ သိနိုင်စွမ်းရှိလှသည်။

အဖူးလွတ် အပွင့်ကလေးများ ကို စမ်းသပ်ရွေးထုတ်၍ ရင်နှစ် ဦး အားပါတရ ခူးယူလိုက်သည်။

ပန်းတွေ တစ်ပွေ့ တစ်ပိုက်ကြီးနှင့် အိမ်ပေါ်ပြန်ရောက်လာသော ရင်နှစ် ကို တွေ့ရလျှင် ထမင်း ဟင်းချက်ရင်း အိမ်ရှေ့ စိတ်မချ၍ ထွက်လာသော ဒေါ်မွှေး တစ်ယောက် အံ့အားသင့်စရာ ဖြစ်ရပြန် ချေ၏ ။

"ဟယ်တော့် .........ပန်းတွေ ဘယ်လိုရလာတာလဲ"

"ရင်နှစ် သွားခူးလာတာလေ ကြီးကြီးမွှေးရဲ့ ၊ အလှပန်းအိုးထိုးချင်လို့"

"ဟင်......ခြံထဲ ဆင်းခူးလာတယ် ဟုတ်လား"

"ဟုတ်........."

ပြုံး ပြုံး ကလေး မျက်နှာကလေးဖြင့် ဦးခေါင်းကို ဆက်ခနဲ ရင်နှစ် ဦးက ညိတ်ပြလိုက်သည်။

"အောင်မလေးလေ မြွေတွေ ကင်းတွေ နဲ့ တိုးမှဖြင့် ဒုက္ခ ဒုက္ခ၊ ပန်းခူးချင်ရင်လဲ ကြီးကြီးမွှေးကို ခေါ်ရောပေါ့ သမီးလေးရယ်၊ အဟင်း........စိုးစိုးသာ တွေ့ရင် ကြီးကြီးကို အပြစ်တင်တော့မှာ "

"အို.......မတင်ပါဘူး၊ ကိုယ့်သဘောနဲ့ကိုယ် ဆင်းခူးတဲ့ ဥစ္စာ၊ ကြီးကြီးမွှေးမွှေးကလဲ မပူပါနဲ့၊ လူမစွမ်းနတ်မပါတယ်၊ မြွေတွေ ၊ ကင်းတွေ ရင်နှစ် ကို ဘယ်တော့မှ ရန်မူဘူးသိလား............"

"ရင်နှစ် မျက်စိမမြင်ရတာ ရှစ်နှစ် ကြီးတောင် ရှိနေပြီ သိလား၊ တစ်ခါမှ မတိုးဖူးသေးဘူး၊ ကဲ.......ရင်နှစ် အလှပန်းအိုးထိုးချင်တယ် ပန်းအိုးတစ်လုံးပေးနော်၊ ကြီးကြီးမွှေး"

"အင်းပါ..........အင်း..........အင်း"

ဒေါ်မွှေးသည် အိမ်ရှေ့ဧည့်ခန်းထဲရှိ မှန်ရှိုးကေ့စ်ကြီးထဲမှ ဖန်အလှပန်းအိုးကြီးတစ်လုံးကို ထုတ်ယူလိုက်သည်။

"ရင်နှစ် အလှပန်းအိုး ထိုးရင်း ကြီးကြီးမွှေးနဲ့ စကားပြောမယ်နော်"

“ကိုင်း.....ကိုင်း..........လာ.........လာ၊ မီးဖိုထဲကို လိုက်ခဲ့တော့ မယ် မင်းကြီး မလေး”

“အဟင်း.........ဟင်း..........ဟင်း”

ကြည်ကြည်လင်လင် ရယ်ရွှင်ခြင်းပြုကာ ရင်နှစ် ဦးသည် လက်တစ်ဘက်က ပန်းတွေ ကို ပွေ့၊ တစ်ဘက်က ဒေါ်မွှေး၏ ခါးကို ဖက်ကာ မီးဖိုဆောင်ဆီသို့ ပါသွားတော့သည်။

စားပွဲဝိုင်းကလေး အနားတွင် ထိုင်ခုံကလေး တစ်လုံးရွှေ့ပေးပြီး ရင်နှစ် ဦးကို ဒေါ်မွှေးက ထိုင်စေလိုက်သည်။

“ဟောဒီမှာ အိုး........၊ ဟောဒီမှာ ရေခွက်၊ သဘောရှိသာ လုပ်ပေတော့”

“ကြီးကြီးမွှေးက ချစ်စရာ ကောင်းလိုက်တာ”

“ကောင်မလေး ညာစားတတ်မယ့်ဟာမလေး”

“အဟင်း........ဟင်းဟင်း.......ညာမစားပါဘူး ကြီးကြီးမွှေးရယ်၊ မြောင်စားမှာ ပါ၊ အဟင်း.......... ကြီးကြီးမွှေးစကားပြောတဲ့ လေသံကို နားထောင်ပြီး ကြီးကြီးမွှေးဟာ စိတ်ကောင်းသိပ်ရှိပြီး၊ သိပ်ချစ်စရာ ကောင်းမှာ ပဲလို့ ရင်နှစ် ထင်တယ် သိလား”

“စိတ်ကောင်းတော့ လူတိုင်းအပေါ် ထားပါတယ်အေ၊ ချစ်စရာကောင်းလား မကောင်းလားတော့ ကိုယ့်ကိုကိုယ် မသိဘူး”

“အဟင်း.........ကောင်းမှာ ပါ၊ ဝဝ လုံးလုံးကလေးတွေ က ချစ်စရာကောင်းတတ်ကြပါတယ်”

“အောင်မယ်တော်၊ ကြီးကြီးမွှေးဝတာ လုံးတာ ရှင်လေးက ဘယ်လို သိ”

“အဟင်း.........ခါးတုတ်တုတ်ကြီးကို ဖက်တာရယ်၊ လက်မောင်း ဝဝကစ်ကစ်ကြီးကို ဖက်ရဆွဲရတာ ရယ်ကို ခန့်မှန်းရင် ကြီးကြီးမွှေး ဝဝလုံးလုံးလေးဆိုတာ ရင်နှစ် သိတာပေါ့”

“အဟင်း........ဟင်း........ဟင်း ကြီးကြီးမွှေး သမီးက ခန့်မှန်းတာ တယ်တော်တာပဲကိုး၊ ကဲ.....ညည်း ကိုကိုကြီးကိုလဲ ခန့်မှန်းကြည့်ပါဦး ဘယ်လိုပုံစံမျိုး လဲလို့”

“ကိုကိုကြီးက အသားအရေ ကျစ်တယ်၊ အရပ်က ငါးပေကျော်မယ်၊ ဘာ ဖြစ်လို့ ပြောနိုင်တာလဲ ဆိုတော့ ကိုကိုကြီးရဲ့ ပခုံးနားအထိ ရင်နှစ် ခေါင်းက မြင့်တယ်လေ..............”

“ရင်နှစ် အရပ်က ငါးပေ လေးလက်မ ရှိတယ်၊ ဒါဆို ကိုကိုကြီးက ရင်နှစ် ထက် ခေါင်းတစ်လုံး မက ပိုမြင့်မှာ ပေါ့ မဟုတ်ဘူးလား ဟင်”

“ဟုတ်ပါ့တော် ၊ အရပ်မြင့်မြင့် ကိုယ်လုံး ကျစ်ကျစ်တဲ့ ဥပမိရုပ်ကလဲ ကောင်းပါ့၊ သိပ်ခန့် သိပ်ချောတဲ့ တူတော် မောင်ကြီးပါ”

“ဒါနဲ့ ကိုကိုကြီး လက်တွေ မှာ အမာရွတ်တွေ စမ်းမိတယ် အဲ့ဒါ ဘာ ဖြစ်တာလဲ ဟင် ကြီးကြီးမွှေး............”

အသိလွန်ကဲလွန်းနေသော ရင်နှစ် ဦးကို ဒေါ်မွှေးသည် လက်ဖျားခါရလောက်အောင် အံ့ဩ မိလိုက်သည်။

“စိုးစိုးလက်မှာ အမာရွတ် တွေ ရှိနေတာလဲ၊ သိနေတာပဲလား”

“သိတာပေါ့ ကြီးကြီးမွှေးရဲ့ ၊ ကိုကိုကြီးလက်ကို ရင်နှစ် ကိုင်တုန်းက ရင်နှစ် စမ်းမိလိုက်တာလေ၊ အဲဒါ ဘာ ဖြစ်တာလဲ ဟင်”

“ဆေး သုတေသနတစ်ခုလုပ်ရင်း စမ်းသပ်မှု ပေါက်ကွဲပြီးတော့ ဒဏ်ရာရသွားတာပဲ သမီးလေးရယ်”

“အို........တခြားနေရာတွေ ကိုကော ထိသွားသေးသလား ဟင်..........”

“မထိပါဘူး လက်ကိုပဲ ထိသွားတာ၊ စိုးစိုးကို ခင်ရတနာမို ပစ်သွားတာလဲ ဒီအကြောင်းတွေ ပါတယ်၊ သူက စိုးစိုး လက်တွေ ပြန်ကောင်းလာတော့မှာ မဟုတ်ဘူးလို့ ထင်နေခဲ့တာ လေ”

“ခင်ရတနာမို ဆိုတာ ကိုကိုကြီး ရည်းစားလားဟင်”

"ဟုတ်တယ်၊ စိတ်ထား မကောင်းတဲ့ မိန်းမယုတ် ကလေးပေါ့"

"သူ့အကြောင်းကို ရင်နှစ် သိချင်တယ်၊ ရင်နှစ် ကို ပြောပြပါလားဟင် ကြီးကြီးမွှေး၊ သူက ကိုကိုကြီးနဲ့ ဘယ်တုန်းက ကွဲသွားတာလဲ၊ ခု သူ ဘယ်မှာ လဲဟင်၊ သူ လက်ထပ် ပြီးပြီလား"

"အောင်မယ်လေး မေးခွန်းတွေ ကလဲ များ လှချည်လား"

"ရင်နှစ် သိချင်လွန်းလို့ပါ ကြီးကြီးမွှေးရယ်.........ပြောပါ၊ ပြောပါနော်........နော်လို့"

"အေး........အေး၊ ဒီလောက် သိချင်လှမှ ပြောပြရတော့မှာ ပေါ့အေ............"

♥♥♥

# အခန်း(၈)

လက်က ချဉ်ပေါင်ရွက်တွေ တဆတ်ဆတ် ခြွေချနေသော ဒေါ်မွှေး၏ မျက်စိထဲတွင် အတိတ်က ဖြစ်ရပ်များ ကို မြင်ယောင်၍ လာ၏ ။

စိုးစိုး တက္ကသိုလ် ဘွဲ့တက်ယူတဲ့နေ့မှာ ခင်ရတနာမိုကို ကြီးဒေါ်မွှေး စတွေ့ခဲ့ရခြင်း ဖြစ်သည်။

ခေတ်အဆန်ဆုံး ဝတ်စားထားပြီး၊ ကော်ပတ်ရုပ်ကလေး တစ်ရုပ်လို မျက်နှာကို ခြယ်ထားသော မိန်းကလေး တစ်ဦးနှင့် တူတော် မောင်က ကားပေါ်က ဆင်းဆင်းချင်း မိတ်ဆက်ပေးလာသည်။

"ကြီးကြီးမွှေး၊ သူ့နာမည် က ခင်ရတနာမိုတဲ့ ကျွန်တော့် ဆရာကြီးရဲ့ တူမလေး"

"သြော်.........သြော်"

"ရတနာ ကြီးကြီးမွှေးနဲ့ ထိုင်လိမ့်မယ်၊ ရတနာ ကြီးကြီးမွှေးကို

အထဲခေါ်သွားလိုက်နော်”

“စိတ်ချပါ စိုးရဲ့ ”

“အယ်.........ခေါ်ပုံကြီးက ဆန်းလှသတော် ”

ဒေါ်မွှေး တစ်ယောက် ရင်ထဲတွင် ကျိတ်၍ မချင့်မရဲကြီး ဖြစ်သွားရ၏ ။

ငယ်ရာက ကြီးလာသူပဲ အထာလဲ ပေါက်သည်ပဲပေါ့။ အိမ်ပ ထွက်လာတုန်းကတော့ ဘွဲ့တစ်ခု ကို ထိုက်ထိုက်တန်တန် ယူတော့မည့် တူတော် မောင် အတွက် ဝမ်းသာစိတ်အပြည့်ရှိခဲ့၏ ။ ခုတော့ ဝမ်းနည်းစိတ်တွေ သူ့ကို ဖိနှိပ်လာလေပြီ။

ရတနာမိုကို ကြည့်ရသည်မှာ မျက်စိ စပါးမွှေး စူးလွန်းလှသည်။

ပျာကလပ်စိန် ပုံစံမျိုး လောက် မုန်းလှသည်မှာ လဲ မရှိတော့။

“အင်း........ဘယ်တုန်းကတည်းကများ ရင်းနှီးနေကြတာပါလိမ့်...........”

“ဘယ်အဆင့်အထိများ ရင်းနှီးပြီးကြပါလိမ့်”

ဒေါ်မွှေး တစ်ယောက် ကျိတ်၍ ရင်မောမဆုံး ဖြစ်နေရသည်။

ရတနာမိုသည် စိုးသက်နောင်၏ ဘွဲ့ဝတ်ရုံကို ပြင်ပေးလိုက် ၊ ဟို ကိုင်လိုက်၊ သည်လုပ်လိုက်နှင့် ကြည့်ရသည်မှာ ရှက်များ ပင် လာတော့သည်။

“ကဲ.........ကိုယ်သွားမယ် ရတနာ၊ အထဲဝင်ဖို့ ကြေညာနေပြီ”

“သွား စိုး............. သွားတော့..........”

စိုးသက်နောင် နေရာမှ ထွက်ခွာသွားသည်။

“ခဏနော် ကြီးကြီးမွှေး၊ သူတို့က နေရာယူကြ ဦးမှာ ဟိုမှာ ရတနာ့အသိ တစ်ယောက် ကို သွားတွေ့လိုက်ဦးမယ်”

“အေး.........အေး”

ခင်ရတနာမိုသည် တင်ကလေး တလှုပ်လှုပ်နှင့် အပုံစားကားကြီးတစ်စီး ဆိုက်ထားသည့် နေရာဆီသို့ ထွက်ခွာသွားသည်။

ကားခေါင်းခန်းထဲက လူရွယ်သည် ခင်ရတနာမိုကို တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် တံခါးကို အသော့ အလျင် ဖွင့်ကာ ကားပေါ်မှ ပြုံး ရယ်၍ အားရဝမ်းသာ လက်ဆွဲနှုတ်ဆက်လိုက်သည်ကို ဒေါ်မွှေးသည် ထိထိမိမိကြီး တွေ့မြင်လိုက်ရသည်။

ခေတ်ရေ့ ပြေး၍ ဆိုရှယ်ကျလွန်းသော ဒီ မိန်းကလေးမျိုး နှင့် တူတော် မောင်ကို ဘယ်နည်းနဲ့မှ သဘော မတူနိုင်ပါ။

သည်မိန်းကလေးနှင့် ဆိုလျှင် အိမ်ထောင်ရေး သုခ ခံစားရခြင်းထက် စိတ်သောက ဗျာပါဒတွေ ပွေရခြင်းက သူ့ တူတော် မောင် အတွက် များ လှပေမည် ဟု တွက်ကိန်း ချလိုက်မိ၏ ။

ထိုစဉ် ခင်ရတနာမို သူ့ အနီးသို့ ပြန်လည် ရောက်ရှိ လာသည်။

"အဟင်း..........စောစောက ရတနာ သွားတွေ့တာ ရတနာတို့ မိတ်ဆွေဟောင်း တစ်ယောက် ပေ့ါ၊ သူက မြိတ်ကရော်ဘာခြံ သူဌေးလေ............"

"သူ့ညီမ ဝမ်းကွဲလေးလဲ ဒီနေ့ စိုးတို့နဲ့ အတူ ဘွဲ့ယူမှာ ကြီးကြီးမွှေးရဲ့ ၊ ကဲ.......လာ၊ ရတနာ တို့လဲ ဝင်ကြရအောင်၊ အခမ်းအနားက စတော့မှာ "

"အေး..........အေး ဝင်ကြတာပေ့ါ"

ခင်ရတနာမို၏ နောက်သို့ ဒေါ်မွှေး လိုက်ခဲ့သည်။

ဘွဲ့နှင်းသဘင် ခန်းမထဲရှိ ခုံ၌ ဘေးချင်း ယှဉ်၍ ရတာ မိုနှင့် သူထိုင်လိုက်သည်။

"အဟင်း...........စိုးက ကြီးကြီးမွှေးကို ရတနာ့ အကြောင်း ပြောမထားဘူး ထင်တယ်နော်"

ရတနာမိုက သူ၏ ရွှေရောင် လက်ကိုင်အိတ် ကလေး၏ ကြိုး ကွင်း ကလေးများ ကို လက်ညှိုး

ကလေးတွင် ရစ်ပတ်ဆော့ကစားရင်းက ပြောလိုက်သည်။

“ဟင့်အင်း၊ တစ်ခါမှ ပြောမပြခဲ့ပါဘူး”

“အဟင်း သူက ရတနာ့ ကိုတော့ ပြောပါတယ်၊ ဘွဲ့ယူပြီးမှ စိုးနဲ့ရတနာ့ အကြောင်း ကြီးကြီးမွှေးကို ပြောပြမယ်လို့လေ၊ ကြီးကြီးမွှေးက ပညာတစ်ပိုင်းတစ်နဲ့ စိုးကို စိတ်လေလွင့်မှာ သိပ်ကြောက်တယ် ဆိုတာ စိုး ပြောပြလို့ ရတနာ သိပြီးပါပြီ...........”

“စိုးက သူ့စိတ် သူ နိုင်ပြီး ပညာရည် တကယ်ထူးချွန်တဲ့ သူပါ ကြီးကြီးမွှေးရဲ့၊ ခုလဲ ကြည့်လေ၊ ခွဲစိတ်မှာ ထူးထူးချွန်ချွန် အောင်ခဲ့တယ်၊ မဟုတ်လား”

“အင်း..........ဟုတ်ပါတယ်”

ရတနာမိုက သာလိကာမ ကလေးလို ပါးစပ်က မပိတ်တမ်းပြောနေသော် လည်း ဒေါ်မွှေး ကတော့ အင်း ချရုံသာ ချနေ၏ ။

စိတ်တွေ က ထွေနေသဖြင့် ဘွဲ့ယူ အခမ်းအနား ပြီးသာသွားသည် ဘယ်လို ပြီးသွားမှန်း မသိအောင်လည်း ဒေါ်မွှေး ဖြစ်ခဲ့ရသည်။

ဘွဲ့ယူပြီး ထွက်လာသော တူတော် မောင်နှင့် သည်မိန်းကလေးမှာ ဓာတ်ပုံတွေ တွဲ တွဲ ရိုက်လိုက် သည်မှာ လည်း မနည်းမနော။

သည်ကြားထဲ တူအရီး နှစ် ယောက် တည်း သန့်သန့်ကလေး ရိုက်မည့် ပုံတွေ လည်း သူက ကန့်လန့် ကန့်လန့် ပါနေပြန်သဖြင့် ဒေါ်မွှေးမှာ မနည်းကြီး အောင့်အည်း သည်းညည်းခံလိုက်ရပေ သည်။

“ကဲ...........တစ်ခုခု သွားစားကြမယ်လို့ စိုး ပြောထားတယ်နော်၊ ဘယ်မှာ သွားစားမှာ လဲ ပြော”

“ရတနာ ကြိုက်တဲ့ဆီကို သွားပါ”

“ဒါဆို အင်းလျားလိတ်”

"ရတယ်"

"အို..........အိမ်မှာ လဲ ချက်ပြုတ် ထားတာတွေ ရှိနေတာပဲ စိုးစိုးရဲ့ "

"ဟင့်အင်း၊ အိမ်က အစားအစာ ဆိုတာ စားနေကျ ကြီးကြီးမွှေးရဲ့ ၊ ဒါက အထူး ကျွေးမွေးတာ ဖြစ်ရမှာ ၊ ဟုတ်တယ် မဟုတ်လား ဟင် စိုး"

မျက်လုံးကလေး ဝင့်ကာ ဟန်မူ ပါပါကလေး ပြောလိုက်သော ရတနာမိုကို တူတော် မောင် ကလည်း အလိုတူ အလိုပါ ပြုံး စစ မျက်နှာကြီးဖြင့် ခေါင်းညိတ်ပြလိုက်သည်။

သည်တော့ အင်းလျားလိတ် ဟိုတယ်ကြီးဆီသို့ တစ်ခါမှ မရောက်စဖူး ဒေါ်မွှေး ရောက်ဖူး သွားပါတော့သည်။

အဒေါ် တစ်ယောက် လုံး ရှေ့မှာ ရှိသည်ကိုပင် ဂရုမစိုက်နိုင်အားဘဲ ယောက်ျားက တော် တော် မိန်းမကကဲ နေမှု ကို ဒေါ်မွှေးမှာ အတော် ကြီး အောင့်အည်း သည်းခံနေခဲ့ရပေသည်။

ဘာတွေ စားလို့ စားခဲ့မိမှန်းတောင် မသိခဲ့တော့ပါ။

ထိုနေ့ နောက်ပိုင်းတွင် တော့ တူတော် မောင်စိုးသက်နောင်နှင့် အော့ကြောလန် မရွှေရတနာမို တို့ အိမ်ကို ရောက်လာလိုက်၊ အပြင်ကို ထွက်သွားကြလိုက်နှင့် တပူးတွဲ တွဲ လုပ်နေကြသည်မှာ လူမြင် မကောင်းအောင်ပင် ဖြစ်လာကြတော့သည်။

ဒေါ်မွှေးအနေဖြင့် တူတော် မောင် ဆန္ဒရှိနေလျှင်လည်း မကန့်ကွက်လိုသဖြင့် သူတို့နှစ် ဦး၏ အခြေအနေကို လူကြီးပီပီ စုံစမ်းကြည့်လိုက်သည်တွင် ...........

"အဟင်း.....ဟင်း............ဟင်း ကျွန်တော် ကလဲ ကြီးကြီးမွှေး ကိုပြောပြတော့မလို့ပါဘဲ၊ နှစ် ဦး သဘောတူ ဆုံးဖြတ် ချက်ချဖို့ စောင့်နေလို့ပါ၊ ခုတော့ ဆုံးဖြတ် လိုက်ပါပြီ၊ ဒီဝါကျွတ်ရင် ရတနာနဲ့ ကျွန်တော် လက်ထပ်တော့မယ်"

"အေးလေ..........မင်းစိတ်ချမ်းသာဖို့က အဓိကပါပဲ၊ နေရမှာ က မင်းနဲ့ မင်းတို့ လက်ထပ်ပြီး ကြရင် ကြီးကြီးမွှေးလဲ တရားအားထုတ်ဖို့ သွားတော့မယ်လို့

ဆုံးဖြတ်ထားပြီးပါပြီ”

“ဟာဗျာ..........ကြီးကြီးမွှေးကလဲ မဟုတ်တာ”

ဒေါက်တာ စိုးသက်နောင်က ကိုယ်ကို မတ်ခနဲ ထိုင်ကာ ကုလားထိုင် လက်ရန်းနှစ် ဘက်ကို တင်းကျပ်စွာ ကိုင်ရင်း အဒေါ် ဖြစ်သူ၏ မျက်နှာကို ကြည့်လိုက်သည်။

“ဘယ်နှယ့် မဟုတ်ရမှာ လဲ၊ ငါလဲ အသက်ကြီးပြီ ကိုယ့်နောက် ပါမယ့် အလုပ်လုပ်ဖို့ကလဲ လိုသေးတယ်၊ မင်းတို့အပေါ်မှာ ကြီးကြီးမွှေး တာဝန်ကျေပြီးခဲ့ပြီပဲကွယ်၊ ကိုယ့်လမ်းကိုယ်သွားဖို့ ဆုံးဖြတ်ကြရတော့မှာ ပေါ့”

ဒေါက်တာ စိုးသက်နောင်သည် ဒေါ်မွှေး ပြောဆိုနေသည့် စကားများ ကို သွေးထွက်အောင် မှန်နေသဖြင့် ဦးခေါင်း ငိုက်စိုက်ချကာ ငြိမ်နေလိုက်တော့သည်။ ဒေါ်မွှေးလည်း သူ့တို့ အိမ်ထောင်ပြုသည့်နေ့တွင် လက်ဖွဲ့ရန်အတွက် မိမိပိုင် လက်ဝတ်လက်စား ကလေးများ ကို အဆင်သင့် ထုတ်ပြုထားလိုက်သည်။

♥ ♥ ♥

တစ်နေ့

ဒေါက်တာ စိုးသက်နောင်သည် အိမ်၏ မြေတိုက်ခန်းတွင် း ဆင်း၍ ဆေးတစ်ခုဖော်စပ်ရန် အတွက် သုတေသနပြုလုပ်နေစဉ် အုန်းခနဲ ပေါက်ကွဲသံကြီး တစ်ခု ထွက်ပေါ်လာသည်။

“အောင်မယ်လေး ဘာတွေ ဖြစ်ကုန်ပြီလဲ”

ဒေါ်မွှေးသည် ငှဲ့လက်စ ထမင်းအိုးကို ပစ်ချကာ မြေတိုက်ခန်း လှေကားဆီသို့ ပြေးဆင်းသွားခဲ့ သည်။

“ဟင်..........အောင်မယ်လေး ကိုယ်ကျိုး နည်းပါပြီ၊

စိုးစိုး.............စိုးစိုး.........သားလေး”

ကြမ်းပြင် တစ်နေရာတွင် လူလိမ့်နေသော တူတော် မောင်ဆီသို့ ဒေါ်မွေးက ပြေးကာ ပွေ့ယူလိုက်သည်။

“ကြီးကြီးမွေး...........ကြီးကြီးမွေး၊ ကျွန်တော့လက်တွေ ............ကျွန်တော် လက်တွေ ”

စကားပင် ဆုံးအောင် မပြောနိုင်ဘဲ စိုးသက်နောင် သတိလစ်သွားတော့သည်။

ဒေါ်မွေးသည် သော ကများပါဒတွေ စိုးရိမ်စိတ်တွေ အထွပ်အထိပ်သို့ ရောက်ရှိကာ တစ်ယောက် တည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေရာမှ နောက်ဆုံးတွင် ခင်ရတနာမိုကို သတိရလာ ပြီး ဖုန်းဆက်ခေါ်သည်တွင် ခင်ရတနာမိ မနက်ကမှ မြိတ်သို့ အလည်ခရီးထွက်သွားကြောင်း၊ သူ့ ဦးလေးဆိုသူ ဒေါက်တာ ဦးမြဇော် ကိုယ်တိုင်က ဖုန်းဖြေရင်း ပြောလာသည်။

ဦးမြဇော်သည် စိုးသက်နောင်၏ ဆရာကြီး ဖြစ်သူမို့ ဒေါ်မွေးလည်း အကျိုး အကြောင်း ပြော၍ အကူအညီတောင်းခံသည်တွင် ဦးမြဇော် ချက်ချင်း အိမ်သို့ ရောက်ရှိလာသည်။

ဆရာကြီး ဦးမြဇော်သည် သူ့ တပည့်ကျော် စိုးသက်နောင်အား လိုလေသေးမရှိအောင် ကိုယ်ဖိ ရင်ဖိ ပြုစုပြီး အကူအညီလိုသမျှ ပေးသဖြင့် ဒေါ်မွေးမှာ စိတ်သက်သာရာရရှိသွားသည်။

စမ်းသပ်ပေါက်ကွဲမှု ကြောင့် ဒဏ်ရာ ရရှိသွားသော စိုးသက်နောင်၏ လက်နှစ် ဘက် ကတော့ ပျောက်ကင်းအောင် အတော် ပင် ကုသယူရမည့် အခြေအနေ ဖြစ်နေသဖြင့် ဒေါက်တာ ဦးမြဇော်မှာ အတော် ပင် စိတ်မကောင်း ဖြစ်သွားရသည်။

သူ့လက်နှစ် ဘက်က ဒဏ်ရာတွေ ကို ကြည့်ပြီး ဘဝတော့ဆုံးလေပြီလားဟု စိတ်ဓာတ် ကျဆင်းကာ မှိုင်တွေ နေသော တူ ဖြစ်သူကို ကြည့်ပြီး ဒေါ်မွေးသည် သူ့စိတ်ကိုသူ

မဖြေသာအောင် ရှိနေ၏ ။

“စိုးစိုး..........သားရယ်၊ ဒါလေးတော့ ကုန်အောင် စားလိုက်ပါ၊ သား အားရှိမှ ဖြစ်မှာ ပေါ့၊ ဒီလောက်တွေ က ကုရင်ပျောက်ပါတယ်ကွယ်၊ ချက်ချင်း မဟုတ်တောင် ဖြည်းဖြည်းတော့ ကောင်းသွား မှာ ပါ၊ ဆရာကြီး ဦးမြဇော်ကလဲ ပြောတယ်မဟုတ်လား”

စိုးသက်နောင်သည် ယောက်ျားကြီးတန်မဲ့ မျက်ရည်တွေ စီးကျလာ၏ ။

“ကျွန်တော် ..........ကျွန်တော် မထင်တော့ပါဘူး၊ ဒီ..........ဒီလက်တွေ က ကျွန်တော် ဝါသနာ အပါဆုံး ခွဲစိတ်မှု ပညာမှာ အသုံးဝင်နိုင်တော့မှာ မဟုတ်တော့ပါဘူးဗျာ”

စိတ်ဓာတ်ကျဆင်းနေသော ရောဂါ စိုးသက်နောင်တွင် စွဲလမ်းသွားတော့သည်။

“စိုးစိုးရယ် ယောကျာ်းပဲ အားတင်းထားစမ်းပါ၊ မင်း..........မင်းအနားမှာ ရတနာကို နေစေ့ချင်ရင် ဖုံးဆက်ခေါ်လိုက်ပါလားကွယ် ဟင်၊ သူ ရှိနေရင် သား စိတ်ပြေလက်ပျောက်ရှိသွားမှာ ”

“နေပါစေ ကြီးကြီးမွေးရယ်၊ စ သွားကတည်းက ကျွန်တော် တားရက်နဲ့ သူ့သဘောနဲ့ သူ ထွက်သွားတာပါ၊ ပြန်လာရင်လဲ သူ့သဘောနဲ့သူ ပြန်လာတာပဲ ဖြစ်စေ့ချင်တယ်၊ အကြောင်းကြား မနေပါနဲ့တော့ဗျာ”

စိတ်ပျက် အားလျော့သံဖြင့် ပြောပြီး စိုးသက်နောင်သည် ဦးခေါင်းကို ငိုက်စိုက်ချနေလိုက်တော့ သည်။

“စိုးစိုးရယ်၊ မင်းတို့ချင်း မပြေမလည်များ ဖြစ်နေသလား ဟင်၊ ကြီးကြီးမွေးကို ပွင့်ပွင့်လင်းလင်း ပြောပြစမ်းပါ၊ မနေ့ညကတည်းက မင်းမျက်စိမျက်နှာ မသာမယာ ဖြစ်နေတာကို ကြီးကြီးမွေးမွေး သိတယ်၊ မင်း အရိပ်အကဲကို ကြီးကြီးမွေးက အမြဲတမ်း ဂရုစိုက်ကြည့်နေခဲ့တဲ့ သူပါကွယ့်..........”

“ကိုယ့်ဝမ်းနဲ့ မလွယ်ရုံ တစ်မည် ပဲ၊ မင်းကို ကြီးကြီးမွေးပြုစု စောင့်ရှောက်ခဲ့တဲ့သူပါ၊ မင်းကြီးကြီးမွေးကို ဘာမှ ကွယ်ဝှက်ထားစရာ အကြောင်းမရှိဘူးနော်

သား”

သူ့ လက်မောင်းအိုးကို အသာအယာ ဆုပ်ကာ ဆုပ်ကာဖြင့် ပြောနေသော ကြီးကြီးမွေး၏ မျက်နှာကို စိုးသက်နောင်သည် မျက်လွှာပင့်၍ ကြည့်လာပြန်သည်။

“ပြောလေး သားရယ်၊ ပြောစရာရှိတာ ရင်ထဲ ဝှက်ထားပြီး တစ်ယောက် တည်း ခံစားမနေနဲ့”

ဒေါ်မွေးက ထပ်မံတိုက်တွန်းလိုက်သည်။

“ဟား.........သူနဲ့ ပတ်သက်ပြီး ကျွန်တော် စိတ်မကောင်း ဖြစ်မိနေတာတော့အမှန်ပဲ ကြီးကြီးမွေးရယ်၊ ခုရက်အတောအတွင်း းမှာ တော့ သူနဲ့ ကျွန်တော် သဘောထား မတိုက်ဆိုင်မှု ကလေး တွေ ခဏ ခဏ ဖြစ်နေတယ်၊ ဒါက ကျွန်တော် သူ့ကို ကျွန်တော် မပါပဲ ဘယ်မှ မသွားရဘူးလို့ တားမြစ် ချက်ကြောင့် ပဲ၊ ဒါကို သူက လက်မခံဘူး၊ ခု မြို့တ်ကို ထွက်သွားတာသာ ကြည့်တော့ ကြီးကြီးမွေးရယ်”

“အင်း.........အိမ်ထောင်သည် အဆင့်တောင် မရောက်ကြသေးဘူး၊ တစ်ယောက် နဲ့ တစ်ယောက် ပြဒါး တစ်လမ်း သံတစ်လမ်း ဖြစ်နေကြတာတော့ မကောင်းဘူး ထင်တယ် သားရယ်......”

“ရေရှည်အတွက်တော့ ကျပ်ကျပ်စဉ်းစား သင့်တယ် သားရဲ့ ၊ ကဲပါလေ..........ခု သားလဲ ကျန်းမာတာ မဟုတ်ဘူး၊ ကိုယ့်ကိုကိုယ် ကျန်းမအောင် အားမွေး၊ စိတ်ချမ်းသာအောင် ကြံဖန်နေ၊ ဟုတ်ပြီလား”

“ဟုတ်ကဲ့...........”

ဒေါ်မွေးလည်း ခင်ရတနာမို၏ အကြောင်းကို ဆက်ပြောမနေချင်တော့သဖြင့် စကားဖြတ်ပစ် လိုက်တော့သည်။

♥ ♥ ♥

မကြာခင်မှာ ပဲ စာပို့လုလင် နေ့စဉ်နှင့် အမျှ စောင့်မျှော်နေခဲ့သော ဒေါက်တာ စိုးသက်နောင်ထံ သို့ ရတနာမိုထံမှ စာတစ်စောင် ရောက်ရှိလာသည်။

စာအိတ်ပါးပါးကလေးကို မကျေနပ်သော စိတ်ဖြင့် ကြည့်ရင်း သူ ဖောက်လိုက်ပါသည်။

စာအိတ်ပါးပါးကလေးထဲရှိ အစိမ်းနုရောင် စာရေး စက္ကူခေါက်ကလေးကို ဖြန့်ဖတ်လိုက်သည့် အခါတွင် တော့ စိုးသက်နောင်၏ အသည်းနှလုံးထဲသို့ ချွန်မြသော အရာဖြင့် စွပ်ခနဲ ထိုးထည့်လိုက်သည်သို့ ခံစားလိုက်ရသည်။

"ကိုစိုးသက်နောင်တဲ့"

"မောင်ရေ......."

"ရတနာ့ မောင်ရေ......."

"ကိုကိုချစ်ရေ......."

"ဒါလင်ရေ......."

ဟု နွဲ့ကာ ပလီကာ အလီလီ အလာလာ ကင်မွန်း အမွှမ်းမျိုး တပ်၍ သူ့ကို ချိုနွဲ့နွဲ့ ခေါ်ခဲ့သော ရတနာမို ခုတော့............

"ကိုစိုးသက်နောင်တဲ့..........."

ရင်ထဲမှာ နာလိုက်သည့် ဖြစ်ခြင်း။

စိတ်ကို တင်း အံကို တင်းတင်းကြိတ်၍ စာကို သူဖတ်လိုက်သည်။

ကိုစိုးသက်နောင်

ကိုစိုးသက်နောင် သတင်းကို ရတနာကြားရတာ စိတ်မကောင်းပါဘူး။ လက်တွေ ပြန်ကောင်း လာပါစေလို့ ဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်။

ရတနာနဲ့ ကိုစိုးသက်နောင်တို့ကိစ္စအတွက်တော့ ရတနာကပဲ စ ဖျက်လိုက်ပါပြီ၊ ရတနာက လူမှန်းသိစကတည်းက လွတ်လပ်စွာ ကိုယ့်ဆန္ဒ ကိုယ့်သဘောအတိုင်းသာ နေခဲ့တဲ့ သူဆိုတော့ စည်းကမ်းတွေ ၊ ဘောင်ခတ်တာတွေ ရတနာ့ဘဝမှာ မလိုချင်ဘူးလေ။

ဒီကိစ္စအတွက်နဲ့ ကိုစိုးသက်နောင်နဲ့ ရတနာတို့ရဲ့ အိမ်ထောင်ရေး ဟာ ပြို ကွဲသွားနိုင် တယ်လို့ ရတနာယူဆလို့ အိမ်ထောင်မပြုခင်ဘဲ အချိန်မီ နောက်ဆုတ်လိုက်ကြဖို့ ဆုံးဖြတ် လိုက်ပါပြီ။

ရတနာ့ကို မိတ်ဆွေဟောင်း တစ်ယောက် အနေနဲ့ အချိန်မရွေး လက်ခံနိုင်ပါစေလို့ပဲ ဆုတောင်းမိတယ်

ခင်ရတာ မို

"တောက်......."

စာရွက်ကို လုံးခြေပြီး အိမ်ထရံဆီသို့ ပစ်ပေါက်ကာ စိုးသက်နောင်သည် နာနာကြည်းကြည်း တက်ခေါက်လိုက်သည်။

စိုးသက်နောင်၏ မျက်နှာသည် ကြောက်မက်ဖွယ်ရာ ခက်ထန်မာကြော၍ နေ၏ ။

ဒေါသကြောင့် သူ့မျက်လုံးများ သည်လည်း မီးဝင်းဝင်းတောက်ပလာနေမလားဟု ထင်ရလောက်အောင် ဖြစ်နေသည်။

"ဟဲ့........စိုးစိုး ဘာ ဖြစ်နေတာလဲ ဟင်"

စိုးသက်နောင်အတွက် နံနက်စာ ထမင်း ဟင်း လျာ လင်ပန်းကြီးကို ကိုင်ဆောင်ကာ အိပ်ခန်းထဲသို့ ဝင်လာသော ဒေါ်မွှေးသည် တူတော် မောင်၏ အမူအရာကို တွေ့ရလျှင် အံ့အားသင့် သွားရ၏ ။

စိုးသက်နောင်က ဘာတစ်ခွန်းမျှမဖြေဘဲ မျက်နှာကို တစ်ဘက်သို့ ချာခနဲ လွှဲဖယ်ထားလိုက် သည်။

"စာကော..............ခုနက စာကောဟင်"

ဒေါ်မွေးသည် လက်ထဲက လင်ပန်းကို စားပွဲပေါ်တွင် တင်ပြီး ဟိုဟိုသည်သည် ကြည့်လိုက် သည်တွင် အိမ်ထရံအနီးတွင် လုံးလုံးကလေးကျနေသော စာကို တွေ့ရှိလိုက်ရသည်။

စာကို သွား၍ ကောက်ယူဖတ်ရှုလိုက်သည်။

ဒေါ်မွေး၏ မျက်နှာကြီးမဲ့သွားသည်။

"အဟွန်း........သားလက်တွေ မသန်မစွမ်း ဖြစ်သွားပြီလို့များ သူက ထင်နေသလားမှ မသိတာ၊ သူ့ စိတ်ဓာတ်ကို အချိန်မလွန်ခင် သိရတာ ဘုရားကို ကျေးဇူးတင် သား ကျေးဇူးတင်...."

"ဒီလို စိတ် မတည်ငြိမ်တဲ့ မိန်းမစားမျိုး ဟာ ဖောက်ပြန်ဖို့ အင်မတန် လွယ်ကူတတ်တယ်မှတ်၊ မင်းနဲ့မထိုက်တန်တဲ့ မိန်းမ တစ်ယောက် နာကြည်းပြီး ကိုယ့်ကိုကိုယ် ဒုက္ခပေးမနေနဲ့တော့ သား........"

"ရှင်းရှင်းပြောရရင် မင်း ဆန္ဒကို လိုက်လျောချင်လို့သာ သဘောမတူတာကို ကြီးကြီးမွေး ဖွင့်မပြောခဲ့တာ၊ သူတို့ မြင်ဖူးစကတည်းက ကြီးကြီးမွေး နည်းနည်း ကလေးမှ ကြည့်မရတာ အမှန်ပဲ၊ ကဲ........ထမင်းစားရအောင်"

"ကျွန်တော် မစားချင်ဘူး"

"အို.......မစားလို့ ဘယ်ရမလဲ၊ မင်းက တန်ဖိုးမရှိတဲ့ မိန်းမ တစ်ယောက် အတွက် မင်း ဝမ်းကို ဟောင်းလောင်းများ ထားပစ်တော့ မလို့လား၊ ဒီမှာ မင်းကို ပြောပြစရာ တစ်ခုရှိတယ်"

စိုးသက်နောင်၏ မျက်လုံးများ က သူ့ ခုတင်စွန်းတွင် ထိုင်လာသော အဒေါ် ဖြစ်သူ၏ မျက်နှာဆီသို့ ရွေ့လျားလာ၏ ။

"မင်း ဘွဲ့ယူတဲ့ နေ့ကလေ၊ မြိတ်က ရော်ဘာခြံ သူဌေးဆိုတဲ့လူဆီကို

ဒီဟာမလေး ပြေးသွားတာ ကြီးကြီးမွေး မျက်စိထဲက ခုအထိ မထွက်သေးဘူး သိလား”

စိုးသက်နောင်က အံသွားများ ကို တကျစ်ကျစ် မြည် အောင်ကြိတ်လိုက်သည်။

သူ့ မေးကြောကြီးများ တင်းနေ၏ ။

“ခုတော့ မင်းသတင်းကို ကြားပြီး သူ ဟိုမှာ ကြည်နေပြီထင်ပါရဲ့ ၊ ဒီလို မိန်းမစားမျိုး က မျောက် မောင်းမနဲ့ ဘာမှမခြားဘူး၊ မင်းမြဲမြဲမှတ်ထား စိုးစိုး”

စိုးသက်နောင်လည်း သဘောပေါက်ထားပြီမို့ အဒေါ် ဖြစ်သူကို ဘာမျှ ခွန်းတုံ့မပြန်နိုင်ဘဲ ဖြစ်နေသည်။

“ကဲ........ထမင်းစားမယ်၊ စွပ်ပြုတ်တွေ အေးကုန်လိမ့်မယ်”

စိုးသက်နောင်လည်း ရင်နှင့် မဆံ့အောင် ရှိနေသော ရတနာမိုအပေါ် နာကြည်းစိတ်တွေ ကို အတင်းမျိုသိပ်ပြီး အဒေါ် ဖြစ်သူ ကျေနပ်အောင် ထမင်းကို စားလိုက်ရတော့သည်။

သည့်နောက်ပိုင်းတွင် တော့ ခင်ရတနာမို တစ်ယောက် မြိတ်က ရော်ဘာခြံသူဌေးကလေး စိန်သူအောင်နှင့် လက်ထပ်လိုက်ကြောင်း သတင်းစာတွင် ကြော်ငြာ ပါလာတော့သည်။

အပြောင်းအလဲ မြန်ဆန်လှသော ခင်ရတနာမိုအတွက် ရည်းစား တစ်ယောက် ကို ထဘီလဲသလို ပြုကျင့်လုပ်ဆောင်ခဲ့သည့်အတွက် မည် သို့ မှ မတုန်လှုပ်သော် လည်း ထိုသို့ အပြုအကျင့်ခံရသော သူမှာ တော့ မေတ္တာတွေ သစ္စာတွေ ပုံပေးပြီး ရင်နှင့် မဆံ့အောင် ချစ်မြတ်နိုးခဲ့မိသည့် မဟာ ချစ်စိတ်ကြီးကြောင့် တော် တော် နှင့် အသည်းကွဲ ဝေဒနာ မပျောက်ကင်းနိုင်ဘဲ ရှိခဲ့ရသည်။

မ ဆိုလျှင် ဝေးဝေးက ရှောင်ပြီး သူ့လက်ကို ပလတ်တစ် ဆာဂျီရီနည်းဖြင့် ကုသပြီးသည်နှင့် တစ်ပြိုင်နက် နယ်တွေ တစ်နယ်ပြီး တစ်နယ်ပြောင်းရွှေ့နေခဲ့တော့သည်။

ဤသို့ ပြောင်းရွှေ့ရင်းနှင့် ဧရာဝတီမြစ်ကြော တစ်နေရာရှိ ယမုန်သာ မြို့

ကလေးဆီသို့ နောက်ဆုံး ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

♥ ♥ ♥